### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ



# မြဝတီ

နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ



### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ မေ ၁၃ ရက်၊ အင်္ဂါနေ့



### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# ၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ်၊ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများမှ ထူးချွန်ဆုရသင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ်များလိုက်ပါပျံသန်း

နေပြည်တော် မေ ၁၂

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်မြို့ရှိ တပ်မတော်(ရေ)၊ လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ စခန်းပေါင်းစုံ ရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာပြိုင်ပွဲများနှင့် လှေလှော်ရွက်တိုက်ပြိုင်ပွဲများကို **စာမျက်နှာ ၅ ကော်လံ ၁** ◆



ရေကြောင်းလူငယ်သင်တန်း စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများက လှေလှော်ရွက်တိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြစဉ်။

### နေရာကွက်၍ မိုးကြီးနိုင်

၁၃-၅-၂၀၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

**လျှင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများစတင်ရောင်းချ လျှင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများရောင်းချပွဲတွင် သက်သာသောဈေးနှုန်းဖြင့်ဝယ်ယူနိုင်**

စာ-၁၇ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၁၃ ရက်)

# နှစ်နိုင်ငံဆက်ဆံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကိုစောင့်ထိန်းလျက်ရှိသည်။ အဆိုပါ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒများမှာ ၁၉၅၄ ခုနှစ်တွင် မြန်မာ၊ တရုတ်နှင့်အိန္ဒိယခေါင်းဆောင်များက ချမှတ်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ် ဇွန်လ ၂၈ ရက်တွင် နယူးဒေလီမြို့၌ တရုတ်နှင့်အိန္ဒိယခေါင်းဆောင်များသည်လည်းကောင်း၊ ၁၉၅၄ ခုနှစ်ဇွန်လ ၂၉ ရက်တွင် ရန်ကုန်မြို့၌ မြန်မာနှင့်တရုတ်ခေါင်းဆောင်များသည်လည်းကောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်အဖြစ် ကမ္ဘာတွင်ထင်ရှားလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် (၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်နေစဉ်အတွင်း မေလ ၉ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် Soluex Hotel Moscow ရှိ BEIJING ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က "မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ဆုံးရှုံးရမှုများအတွက် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့ အတူတကွလက်တွဲ၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ်ရောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကိုအမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"မိမိတို့မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ဖြစ်ပေါ်ခဲ့မှုကြောင့် ခက်ခဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်၌ အဆွေတော်အနေဖြင့် မြန်မာပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပေးခဲ့ပါကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အရေးအကြီးဆုံးအချိန်ဖြစ်သည့် (Golden Hour) တွင် တရုတ်နိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအကြာ၌ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခဲ့ပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်းပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများအနေဖြင့် တရုတ်နိုင်ငံအစိုးရ၏ကူညီဆောင်ရွက်ပေးမှုများအပေါ် အစဉ်အမြဲကျေးဇူးတင်အမှတ်ရနေမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စများနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက်လည်းကျေးဇူးတင်ရှိပါကြောင်း"** ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုနှစ်ကုန်ပိုင်း၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှလေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ် မျှဝေသောအသိုက်အဝန်းတစ်ခုကိုတည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာလုပ်ငန်းများအတွက် အခြေခံအသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုစတင်ခဲ့သည်။ မကြာမီကာလတွင် မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု(၇၅) နှစ်မြောက် စိန်ရတုသို့ရောက်ရှိတော့မည်ဖြစ်သည်။ ယခုအခါ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍာပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပေရာ မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးမြှင့်အောင်မြင်ပါစေကြောင်းရေးသားလိုက်ရပေသည်။ ။

# နွေရာသီအခြေခံကွန်ပျူတာ အင်္ဂလိပ်စာ တရုတ်စကားပြော ကိုရီးယားစကားပြော ပန်းချီ စစ်တုရင်သင်တန်းဆင်းပွဲကျင်းပ

**တောင်ကြီး မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန၌ မေလ ၁၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီအခြေခံ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်စကားပြော၊ ကိုရီးယားစကားပြော၊ ပန်းချီ၊ စစ်တုရင် သင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါသင်တန်းများကို နွေရာသီအားလပ်ရက်တွင် လူငယ်များ အချိန်ကိုအကျိုးရှိရှိအသုံးချတတ်စေရန်နှင့် ယနေ့နည်းပညာခေတ်တွင် မဖြစ်မနေသင်ကြားတတ်မြောက်ထားရမည့် ကွန်ပျူတာဘာသာရပ်များ၊ လူငယ်များ၏ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်များနှင့် အနုပညာအရည်အသွေးများတိုးတက်စေရန် စစ်တုရင်သင်တန်းနှင့် ပန်းချီရေးဆွဲနည်းသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သင်တန်းတွင်ထူးချွန်စွာအောင်မြင်ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။ ဆက်လက်၍ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ရှမ်း(တောင်)သတ္တုလုပ်ငန်းရှင်များအသင်းရုံးမှ ရုံးအဖွဲ့မှူး ဦးအောင်မြင့်ဦးက နွေရာသီအခြေခံသင်တန်းများအတွက် အလှူငွေများပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(၄၀၅)

# မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့်မြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး

**မုံရွာ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစာရင်းများအရ သိရသည်။

မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မြေပဲသီးနှံ ၆၇၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍နုတ်သိမ်းခဲ့ကြရာ ယနေ့အထိ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၆၅ ဒသမ ၇၃ တင်းထွက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က" မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မြေပဲသီးနှံဧက ၆၇၇၅ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟုပြောသည်။

မုံရွာမြို့နယ်၌ မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးကြသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၅-၂၀၂၅(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြင်ဦးလွင်မြို့နယ်၌ ကော်ဖီစိုက်ကေပေါင်း ၂၀၀၀၀ ခန့်ရှိပြီး စိုက်ကေများ တိုးချဲ့စိုက်ပျိုးလာ




ပြင်ဦးလွင် မေ ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ကော်ဖီစိုက်ကေပေါင်း ၂၀၀၀၀ ခန့်ရှိပြီး ယခင်ကထက် စိုက်ကေများ တိုးချဲ့စိုက်ပျိုးလာကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့်နည်းပညာ ပြန့်ပွားရေးဗဟိုဌာနမှ သိရသည်။

ပြည်တွင်း၌ ကော်ဖီသောက်သုံးမှုပိုမိုများပြားလာသကဲ့သို့ ကော်ဖီသီးများ ဈေးကောင်းနေသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချနေရသောကြောင့် ယခုနှစ် ကော်ဖီစိုက်ပျိုးရာသီတွင် ပြင်ဦးလွင်မြို့နယ်၌ ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များက ကော်ဖီပင်များကို တိုးချဲ့စိုက်ပျိုးလာကြပြီး ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ တာဝန်ရှိသူများကလည်း လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"ပြင်ဦးလွင်မြို့နယ်မှာ ကော်ဖီစိုက်ကေတွေလည်း တိုးလာပါတယ်။ လက်ရှိမှာ ကော်ဖီစိုက်ကေပေါင်း ၁၈၀၀၀ ကနေ ၂၀၀၀၀ ကြား စိုက်ပျိုးထားပါတယ်။ စီမံကိန်းနဲ့စိုက်ရမယ့်မြေနေရာတွေမှာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့ ကြပ်မတ်ဆောင်ရွက်နေသလို ကော်ဖီဈေးနှုန်းကလည်း မြင့်တက်လာတဲ့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ တောင်သူတွေက တိုးပြီးစိုက်လာကြပါတယ်။ အခုလို ကော်ဖီပင်တွေ တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေသလို ရေရှည်တည်တံ့တဲ့စိုက်ပျိုးရေးကိုလည်း ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်" ဟု ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီမြင့်ကပြောသည်။

ကော်ဖီပင်များစိုက်ပျိုးရာ၌ မိုးကြိုကာလတွင် စိုက်ပျိုးလိုပါက ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ မိုးမကျမီကာလအထိ ရေလောင်းစိုက်ပျိုးနိုင်ပြီး မိုးရာသီကာလတွင် စိုက်ပျိုးလိုပါက မေလကုန်မှ ဩဂုတ်လကုန်အတွင်း စိုက်ပျိုးကြရန် ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ အကြံပြုထားကြောင်း သိရသည်။

လက်ရှိ ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန ကော်ဖီသုတေသနခြံ၌ ကော်ဖီမျိုးပေါင်း ၂၆ မျိုးကို သုတေသနပြုစိုက်ပျိုးထားပြီး မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ကော်ဖီမျိုးများကို အဓိကစိုက်ပျိုးထားကြောင်း သိရသည်။ **ဆောင်းဦး**

# ဟသ်ာတမြို့နယ်ထွက် ပဲလွမ်းဖြူများ ရန်ကုန်ဈေးကွက်မှဝယ်လိုအားကောင်း၍ အရောင်းသွက်လျက်ရှိ

ဟသ်ာတ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်ထွက် ပဲလွမ်းဖြူများ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်း၍ အရောင်းသွက်လျက်ရှိကြောင်း ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခိုင်ခိုင်ဦး၏ပြောကြားချက်အရ သိရသည်။

ဟသ်ာတမြို့နယ်၌ ဧပြီလနောက်ဆုံးပတ်မှစ၍ လက်ရှိအချိန်ထိ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေကြောင်း၊ အဆိုပါပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာသည့်အပြင် ဒေသထွက်ပဲလွမ်းဖြူများ လက်ကျန်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ဒေသထွက်ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဧပြီလနောက်ဆုံးပတ်လောက်ကစပြီး ပဲလွမ်းဖြူတွေ သိသိသာသာ အဝယ်လိုက်လာတာပါ။ ပဲလွမ်းဖြူတွေအဝယ်လိုက်နေတဲ့အပြင် ဈေးလည်း အနည်းငယ်ကောင်းလာပါတယ်။ ပဲအထွက်နှုန်းနည်းလာလို့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာပါ။ လက်ရှိ ဟသ်ာတမြို့နယ်မှာ ပဲလွမ်းဖြူအသစ်ထွက်တဲ့ရာသီမရောက်သေးပါဘူး။ ပဲလွမ်းဖြူက ဆောင်းသီးနှံတွေရိတ်သိမ်းချိန်မှာ အထွက်များပါတယ်''ဟု ဒေါ်ခိုင်ခိုင်ဦးကပြောသည်။

ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချသည့်အပြင် ပဲလွမ်းဖြူ မတ်ပဲ စသည့် ဒေသထွက်ကုန်များကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်နေမှု ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေ

ဟုမ္မလင်း မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ သိရသည်။

အဆိုပါချင်းတွင်းမြစ်ကူးတံတား(ထမံသီ)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ကြီးမှူး၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်က စတင်တည်ဆောက်ခဲ့ကာ ချင်းတွင်းမြစ်ကိုဖြတ်၍ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ ထမံသီရွာနှင့် ပင်းမရွာတို့ကို ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

"ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ပင်းမ-ထမံသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာ လမ်းပေါ်မှာ တည်ရှိပါတယ်။ တံတားအရှည်က ၈၀၁ မီတာရှိတယ်။ တံတားကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်က စတင်တည်ဆောက်ခဲ့တာပါ။ လက်ရှိမှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်တဲ့အတွက် မကြာမီ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးတော့မှာပါ" ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါတံတားတည်ဆောက်ရာတွင် တံတား၏အုတ်မြစ်အနေဖြင့် အချင်း ၁ ဒသမ ၅ မီတာရှိသော သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် တည်ဆောက်ထားပြီး တံတားအကျယ် ၉ ဒသမ ၄ မီတာနှင့် ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာရှိကာ အရှည် ၈၀၁ မီတာရှိကြောင်း သိရသည်။ အဆိုပါတံတားတည်ဆောက်ရေးစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားလူမျိုးများ၊ ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့ရှိ ဒေသခံပြည်သူများ ကူးသန်းသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူအဆင်ပြေစေရန် အဓိကရည်ရွယ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

လက်ရှိတွင် ဒေသခံပြည်သူများသည် ထမံသီရွာနှင့် ပင်းမရွာကြား ကူးတို့ဖြင့် ကူးသန်းသွားလာနေရပြီး မော်တော်ယာဉ်များကိုလည်း ဇက်ရေယာဉ်ဖြင့် ကူးနေရကြောင်း၊ ထိုတံတားကြီးတည်ဆောက်ပြီးစီးပါက ပင်းမ-ထမံသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းပေါ်ရှိ ကျေးရွာများနှင့် ဟုမ္မလင်း၊ ခန္တီးမြို့နယ်ရှိ ပြည်သူများအနေဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုအချိန်မှစ၍ အမေရိကန်နိုင်ငံသားများသည် အင်္ဂလိပ်လူမျိုးနှင့်မတူ၊ ကတ်ကတ်သတ်သတ်ရှိလွန်းအားကြီးသည်(Too Businesslike)ဟု မှတ်ချက်ချလိုက်ပါသည်။ ကျွန်ုပ်သည် အင်္ဂလိပ်လူမျိုးအရာရှိကြီးများနှင့်ဆက်ဆံခဲ့ဖူးရာ ဤမျှလောက်ကတ်သတ်ခြင်းကို မတွေ့ရဖူးပါ။ ကျွန်ုပ်မှာ မန္တလေးမြို့ အမေရိကန်ကျောင်းထွက်ဖြစ်သော်လည်း အမေရိကန်ကို အထင်သေးစပြုလာခဲ့လေပြီ။

တတိယအချက်တစ်ခုမှာ ဤသို့တည်း၊ ကျွန်ုပ်တို့သည် နွေရာသီတွင် ကလောမြို့သို့ ပထမအခေါက်သွားကြစဉ်က ဆရာကြီးသည် ကလောဘူတာသို့ ကျွန်ုပ်ကိုလာ၍ကြိုရာ ကျွန်ုပ်ဒုတိယတန်းစီးလာသည်ကိုမြင်၍ ကျွန်ုပ်အား ဒုတိယတန်းခရီးစရိတ်ရှင်းပေး၏။ နောက်တစ်နှစ်၌မူ သူတစ်ပါး၏အိမ်၌ ထမင်းလခပေး၍ စားရခြင်းသည် ဆင်းရဲသည်ဆိုကာ ဇနီးကိုခေါ်ခဲ့၍ အိမ်တစ်လုံးငှားနေ၏။ ဤတစ်ခေါက်တွင် ဆရာကြီးနှင့်ဇနီးတို့လည်း ရထားဖြင့်သွားကြ၍ ကျွန်ုပ်တို့လင်မယားလည်း ယင်းရထားဖြင့်ပင် လိုက်ကြ၏။ ဇနီးကိုခေါ်ခဲ့ရာ၌ ကျွန်ုပ်တွက်ကိန်းမှာ ကျွန်ုပ်တစ်ယောက်တည်းအတွက်ရမည့် ဒုတိယတန်းခရီးစရိတ်ကို လင်မယားနှစ်ယောက် တတိယတန်းစီးကြလျှင် ထမင်းဖိုးပင် အမြတ်ထွက်ဦးမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဒုတိယတန်းရထားခသည် တတိယတန်း၏ သုံးဆဖြစ်ပေသောကြောင့်တည်း။ ဆရာကြီးသည် ကျွန်ုပ်တို့လင်မယား တတိယတန်းက စီးနင်းလိုက်ကြခြင်းကိုမြင်၏။ သို့ဖြစ်၍ ခရီးစရိတ်ရှင်းသောအခါ ယခင်တစ်ခေါက်ကဲ့သို့ ဒုတိယတန်းတစ်ယောက်အတွက်မဟုတ်တော့ဘဲ တတိယတန်းနှစ်ယောက်အတွက် ရှင်းပေးတော့သည်။ ကျွန်ုပ်၌ အိမ်လခအတွက် အပိုကုန်ရခြင်းကိုပင် မစဉ်းစားတော့ချေ။ ကျွန်ုပ်သည် ငွေရေးကြေးရေးနှင့်ပတ်သက်၍ ကတ်ကတ်သတ်သတ်မပြောချင်တတ်သောဝါသနာအလျောက် မည်သို့မျှမပြောတော့ဘဲ အမေရိကန်လူမျိုးများ၏ ကတ်သတ်တွက်ချက်တတ်သောဓလေ့ထုံးစံအပေါ်သို့သာ စုပေါင်းကာ အပြစ်ဖို့လိုက်ပါတော့သည်။

စတုတ္ထအချက်တစ်ခုမှာကား ကျွန်ုပ်သည် အလုပ်ချိန်ကို လေးစားသူတစ်ယောက်ဖြစ်သည့်အလျောက် အလုပ်ချိန်ကို ၁၀ နာရီမှ ၄ နာရီဟူ၍ သတ်မှတ်ထားသည်ဆိုလျှင် နံနက်တိုင်း ၁၀ နာရီတိတိတွင် ရောက်အောင်သွား၍ ညနေ ၄ နာရီတိတိတွင် အလုပ်ခွင်မှ ဆင်းလာခဲ့သည်ချည်းဖြစ်၏။ ကျွန်ုပ်က နှုတ်မှပြော၍ အောင်မြနှင့် မောင်စံလှိုင်တို့က တစ်ရက်စီလိုက်၍ရေးသောနေ့မှစ၍ ကျွန်ုပ်တို့အား အလုပ်ခန်းတစ်ခန်း သီးသန့်ပေးထား၏။ ကျွန်ုပ်တို့သည် အလုပ်ခန်းမှထွက်၍ အိမ်သို့ပြန်ကြရာတွင် ဆရာကြီး၏အခန်းရှေ့မှ ဖြတ်လာကြလေရာ ဆရာကြီးသည် ကျွန်ုပ်တို့ကိုမြင်တိုင်း နာရီကိုမော့၍ကြည့်၏။ ကျွန်ုပ်ကလည်း မြင်၍ လက်ပတ်နာရီကိုကြည့်မိပါသေးသည်။ တစ်နေ့သ၌မူ ဆရာကြီးက ကျွန်ုပ်အား "လေးနာရီတိတိမှာ ခင်ဗျားဆင်းနိုင်အောင် အလုပ်ကို ဘယ်လိုလုပ်ပြီး ယတိဖြတ်နိုင်သလဲ"ဟု မေးလိုက်ရာ ကျွန်ုပ်ကလည်း နာရီမော့ကြည့်ခြင်းကို ဖြုန်းခနဲသတိရလိုက်၏။ ဤတွင် ကျွန်ုပ်က ၄ နာရီတိတိအလုပ်ဆင်းခြင်းကို ခင်ဗျားသတိပြုမိပုံရသည်။ ၁၀ နာရီတိတိရောက်အောင်လာခြင်းကို ခင်ဗျားသတိပြုမိပါသလားဟု ပြန်မေး၏။ ထိုအခါ ဆရာကြီးသည် ရုတ်တရက်မျက်နှာပျက်သွားရာမှ ကြိုးစား၍ပြုံးလာပြီးလျှင် အချိန်နှင့်ရောက်ဖို့မှာ အစီအစဉ်ပြုလုပ်ထားပါက ဖြစ်နိုင်ကြောင်း၊ အချိန်တိတိအဆုံးသတ်ဖို့မှာ ဘာသာပြန်အလုပ်မျိုးတွင် ခဲယဉ်းမည်ဖြစ်ကြောင်း၊ မည်သည့်နည်းနှင့်မဆို ၄ နာရီထိုးသည်ဆိုလျှင် ဝါကျတစ်ခုပင် အဆုံးမသတ်တော့ဘဲ အလုပ်ကို ချထားခဲ့မှသာလျှင် ၄ နာရီတိတိရှိရှိပြန်နိုင်မည်ဖြစ်ကြောင်းပြော၏။ သူက မျက်နှာထားတည်တည်ကြီးနှင့်ပြောသဖြင့် ကျွန်ုပ်ကလည်း မျက်နှာထားတည်တည်နှင့်ပင် ရှင်းပြရပါသေးသည်။ ကျွန်ုပ်က ၄ နာရီတိတိပြန်နိုင်ခြင်းမှာ ၃ နာရီခွဲအချိန်လောက်တွင် ကျွန်ုပ်သည် အလုပ်အခြေအနေကို အကဲခတ်လေ့ရှိကြောင်း၊ နာရီဝက်အလုပ်လုပ်လျှင် ရှေ့အဖို့မည်သည့်နေရာအထိ ပြီးနိုင်သည်ဟုခန့်မှန်း၍ ထိုခန့်မှန်းသော နေရာသို့ရောက်အောင် ကြိုးစား၍လုပ်ကြောင်း၊ ထို့ကြောင့် ၄ နာရီထိုးသည်နှင့်တစ်ပြိုင်နက် ထိုနေရာသို့ရောက်၍ အလုပ်ကိုရပ်စဲပြီး အိမ်ပြန်နိုင်ခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်အလုပ်လုပ်ရာတွင် တွက်တွက်ကတ်ကတ်သဘောမထားကြောင်း၊ ကျွန်ုပ်၏အိမ်မှ လူကလေးများကိုခေါ်လာခဲ့၍ ကျွန်ုပ်က နှုတ်မှပြောပေးကာ လိုက်၍ရေးစေခြင်းအားဖြင့် ကျွန်ုပ်တစ်ယောက်တည်း ကိုယ့်ဟာကိုယ်ရေးခြင်းထက် အနည်းဆုံး ၂၅-၃၀ ရာခိုင်နှုန်းမျှ ပိုမိုလျင်မြန်ကြောင်း၊ တခြားလူတစ်ယောက်သည် သူ့ဘာသာဘာသာပြန်ခဲ့လျှင် လူကလေးများနှင့် ကျွန်ုပ်တို့ဘာသာပြန်ခြင်းကဲ့သို့ မည်သည့်နည်းနှင့်မျှ လျင်မြန်နိုင်မည်မဟုတ်ဟုပြောဝံ့ကြောင်း ရှင်းပြလေ၏။ ထိုအခါ ဆရာကြီးက " လူကလေးများခေါ်ခဲ့ပြီး အလုပ်လုပ်ခြင်းသည် အလုပ်တွင်ကျယ်စေလိုသောစေတနာဖြင့် ပြုလုပ်ခြင်းဖြစ်ပါသလော"ဟု မေး၏။ ဤမေးခွန်းကား 'ခွ'မေးခွန်းဖြစ်သည်ဟု ကျွန်ုပ်ယူဆ၏။ ဤတွင် ကျွန်ုပ်သည် မဟုတ်မှန်ဘဲလျက်နှင့်၊ အသားယူလိုသောဝါသနာမရှိသည်နှင့် "ထိုကဲ့သို့စေတနာရှိသောကြောင့် မဟုတ်။ ကျွန်ုပ်လည်း လက်ညောင်းသက်သာစေ၊ လူကလေးများအဖို့ ဗဟုသုတလည်းဖြစ်စေ၊အကျင့်လည်းရစေဆိုကာ ခေါ်လာခဲ့ခြင်းဖြစ်သည်"ဟု ဟုတ်မှန်သည့်အတိုင်း ပြောပြလေ၏။ ထိုအခါ ဆရာကြီးသည် ကျွန်ုပ်အပေါ်၌ ၄ နာရီတိတိ အလုပ်ဆင်းခြင်းအတွက် အပြစ်ဖို့စရာအကြောင်း ရှာမတွေ့ဘဲရှိသည်တွင် ရိုးသားစွာဝန်မခံချင်ဘဲ မျက်နှာခပ်သုန်သုန်နှင့် ထွက်သွားလေသည်။ ကျွန်ုပ်စဉ်းစားမိသည်မှာကား အင်္ဂလိပ်လူမျိုးဖြစ်လျှင် အချိန်မှန်အလုပ်တက်၍ အချိန်မှန်အလုပ်ဆင်းလျှင် ကျေနပ်မည်ဖြစ်သည်။ အမေရိကန်လူမျိုးများကား အချိန်မှန်အလုပ်တက်ခြင်းကို မကြည့်ဘဲ အချိန်မှန်အလုပ်ဆင်းခြင်းကိုပင် တွက်ကတ်သည်ဟု သူတစ်ပါးအား အထင်သေးချင်သည်။ ငါသည် ဤလူမျိုးနှင့် ကြာရှည်စွာအလုပ်လုပ်နိုင်မည်မထင်ဟု အောက်မေ့ပါတော့သည်။

ပဥ္စမအချက်တစ်ခုပေါ်လာပြန်သည်မှာ ကျွန်ုပ်တို့၏ အလုပ်ဌာနကို ပဲခူးမြို့မှ ရန်ကုန်မြို့သို့ရွှေ့ပြောင်းမည်ဟု သိရခြင်းပင်ဖြစ်လေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် တစ်သက်တာတွင် မကြုံဖူးလောက်အောင် ပဲခူးမြို့သူမြို့သားများနှင့် အလွန်တရာအဆင်ပြေလျက်ရှိရာ အထက်ပါမကျေနပ်မှုလေးများကို အောင့်အည်းသည်းခံ၍လာခဲ့ခြင်းသည်ပင် ပဲခူးမြို့မှမထွက်ခွာလိုသောကြောင့်ဖြစ်၏။ ထို့ကြောင့် ပြောင်းရွှေ့ရမည်ဆိုကတည်းက ကျွန်ုပ်တို့ စိတ်မကြည်မသာဖြစ်ကြရလေပြီ။ နေရစ်မည်ဆို၍လည်း မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပဲခူးမြို့သူမြို့သားများနှင့် ဝမ်းနည်းစွာခွဲခွာ၍ ရန်ကုန်သို့ပြောင်းရွှေ့ကြရ၏။ (ကျွန်ုပ်တို့သည် ဇိုင်းကနိုင်းရပ်သူရပ်သားများနှင့် ကြာရှည်စွာ ဆက်လက်ခင်မင်ကြသည့်အလျောက် မိတ်ဆွေအဖြစ်နှင့် ဝင်လားထွက်လားပြုလုပ်ခဲ့ကြရာ စစ်ကြီးဖြစ်သည့်နောက်တွင်မှ ရပ်ကွက်ကို မီးလောင်၍ လူတွေ တကွဲတပြားစီဖြစ်ကုန်ကြရလေသည်။) ရန်ကုန်မြို့သို့ ရောက်ကြသောအခါ စမ်းချောင်းရပ်၌ရှိသော ကျွန်ုပ်၏နေအိမ်နှင့်အင်းစိန်၌ရှိသော ဆရာကြီး၏နေအိမ်သို့ နေ့စဉ် ဘိုင်စကယ်ဖြင့်သွားရခြင်းကို ငြီးငွေ့ခြင်း၊ မဂ္ဂဇင်း၊ ဂျာနယ်အသစ်များနှင့် အဆက်အသွယ်ဖြစ်လာပြန်ခြင်းတို့ကြောင့် ဘာသာပြန်အလုပ်ကို စွန့်ပစ်လိုသောစိတ်ပြင်းထန်လာခဲ့ပါတော့သည်။ သို့သော် ဤတိုင်း တုံးတိတိ မထွက်ဘဲ ၂၅၀ ကျပ်ရလိုကြောင်း၊ မပေးနိုင်လျှင် ထွက်ရလိမ့်မည်ဖြစ်ကြောင်း စာရေး၍ တင်လိုက်၏။ ဘာသာပြန်အသင်းကြီးက စာပြန်လာသည်မှာ အမေရိကန်ပြည်၌ ကုန်သွယ်မှုရှားပါးသော Trade Depression ခေတ်ဖြစ်နေသောကြောင့် လခတိုးပေးရန် မတတ်နိုင်ကြောင်းဟူသည်ပင်ဖြစ်၏။ ကျွန်ုပ်ဝမ်းမနည်း၊ ဝမ်းသာလှပါသည်။ အကြောင်းမူကား ပုံနှိပ်တိုက်များနှင့်အဆက်အသွယ်ဖြစ်လာ၍ တစ်လလျှင် ဝင်ငွေ ၁၅၀ ကျပ်ခန့်ရဖို့ သေချာလျက်ရှိရာသို့ဆိုလျှင် မန်ကျည်းတုံတွင် မိဘနှင့်အတူ နေနိုင်သောကြောင့် ဖြစ်လေသည်။ ထိုအချိန်တွင် ယောက်ဖအောင်မြသည် စမ်းချောင်းရပ်၌ ကျောက်သွေးအလုပ်တတ်မြောက်၍ တပည့်မောင်စံလှိုင်မှာလည်း လက်ပံကုန်းအကောက်ခွန်ရုံး၌ အလုပ်ရပြီဖြစ်သောကြောင့် ၁၉၃၃ ခုနှစ် စက်တင်ဘာလတွင် ကျွန်ုပ်တို့လင်မယားသည် မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့ခဲ့ကြပြန်လေသည်။



**ဆက်လက်ဖော်ပြပါမည်။**

## ဆီဆိုင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

ဆီဆိုင် မေ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဆိုက်ခေါင်)မှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကို မေလ ၁၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းက ယခုကဲ့သို့ အိမ်တွင်းမှုသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် နယ်စပ်ဒေသနှင့် မြေပြန့်ဒေသရှိ တိုင်းရင်းသူများအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုများ၊ ကိုယ်ပိုင်လက်မှုအတတ်ပညာများဖြင့် မိမိဘဝ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် သင်တန်းသူများ နေထိုင်ရေး၊ စားသောက်ရေး၊ ပညာသင်ကြားရေးတို့အတွက် အကုန်အကျခံသင်ကြားပေးနေသည်ဖြစ်၍ သင်တန်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာနှင့် ဗဟုသုတများကို တတ်မြောက်အောင် လေ့လာသင်ယူကြပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းဝင်းက သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကိုပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်း၌ ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် ခေတ်မီဒီဇိုင်းလက်ရာများကိုကြည့်ရှုကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၁၂ ရက်မှ အောက်တိုဘာလ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ဝန်ကြီးဌာနများအလိုက် Container Office နှင့် House များ တောင်းခံထားသည်များကိုလည်း အချိန်မီစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မေ ၁၂

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Center–DMC)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ကျင်းပသည်။

ဦးစွာ ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငလျင်ဒဏ်သင့်ဒေသများတွင်ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောလျင်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် Container Office နှင့် House များ တောင်းခံထားသည်များကိုလည်း အချိန်မီစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအတွက် ယာယီတည်းခိုရေးစခန်းများ တည်ဆောက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် အဆင်ပြေစွာ နေထိုင်လျက်ရှိကြောင်း၊ ယာယီဘာရှာများကို ဝန်ကြီးဌာနအလိုက် သေချာစွာစိစစ်၍ လိုအပ်သည့်အရေအတွက်ကိုသာ ဆောက်လုပ်ကြစေလိုကြောင်း၊ မြေနေရာရွေးချယ်မှုနှင့် ရေ၊ မီး၊ မိလ္လာကိစ္စများကို ကောင်းမွန် အဆင်ပြေအောင် စီစဉ်ပေးကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဝန်ကြီးဌာနများသို့ Container Office များ ဦးစားပေးအစီအစဉ်အလိုက် ချထားဆောင်ရွက်ပေးနေမှု၊ Container House များ ရောက်ရှိဖြန့်ခွဲဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနေထိုင်နိုင်ရန် ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ထပ်မံလိုအပ်မှုအခြေအနေများ၊ ယာယီနေထိုင်နိုင်မည့် Container House နှင့် ယာယီရုံးခန်းများအဖြစ်အသုံးပြုမည့် Container Office များရရှိ၍ ဝန်ကြီးဌာနပိုင်မြေနေရာများ၌ နေရာချထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့်ဦးစိုးကြည်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **မြဝတီ**





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းများမှ ထူးချွန်ဆုရသင်တန်းသားများ လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်၊ ရဟတ်ယာဉ်များအား လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်စဉ်။





ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၏ အပြည်ပြည်ဆိုင်ရာလေးယောက်လှော်လှေဝမ်းပြား မီတာ(၅၀၀) ပြိုင်ပွဲယှဉ်ပြိုင်နေမှုအား တက်ရောက်လာကြသူများက ပျော်ရွှင်စွာကြည့်ရှုအားပေးကြစဉ်။

◆ ရှေ့ဖုံးမှအဆက်

ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းအုပ်ချုပ်သူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြပို့/ ဖမ်းခြင်းလက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်လှေဝမ်းပြား မီတာ(၅၀၀) ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့အား နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်း တန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်းစသည့် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခုတို့မှ သင်တန်းသား၊ သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံ/တန်းမြင့် သင်တန်း၊ အမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသား၊သင်တန်းသူ(၈၀၀)ဦးဖြင့် ဧပြီလ ၂၂ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများမှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များဆောင်ရွက်ရန်၊ စုပေါင်းသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပပြုလုပ်ရန်နှင့် တပ်မတော်အကြီးအကဲ၏ ဩဝါဒခံယူရန်အတွက် မေလ ၁၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိကြသည်။

အဆိုပါသင်တန်းသားများအနက် သင်တန်းစခန်းအလိုက်မှ ထူးချွန်ဆုရသင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များလိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေးစစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်/ရဟတ်ယာဉ်များအားလက်တွေ့ လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားကွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဈေးရောင်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ အေးမြကြည်လင် ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေ အဆောက်အအုံအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက် နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

**နေပြည်တော်  မေ ၁၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီအောင်မြေလောကစေတီတော်တွင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားကွင်းတွင်ကျင်းပပြုလုပ်သော ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဈေးရောင်းပွဲတော်အခမ်းအနားကို တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆောက်လုပ်ရေးပစ္စည်းများနှင့်အိမ်သုံးဆောင်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေး၍ တန်ဖိုးသင့်နေအိမ်နမူနာပုံစံဆောက်လုပ်ထားရှိမှုအား သွားရောက်ကြည့်ရှုသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ရွှေမင်းဝံရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား/ကျောင်းသူများ စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စည်းကမ်းစနစ်တကျရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ကျောင်းအုတ်တံတိုင်းများ ပြိုကျပျက်စီးမှုအခြေအနေများ၊ ကျောင်းဆောင်ပြိုကျပျက်စီးနေမှုအခြေအနေများနှင့်ယာယီကျောင်းဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ကျောင်းအုတ်တံတိုင်းအားတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မဟိယင်္ဂဏစေတီ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်၌ ဗုဒ္ဓပြတိုက်နှင့်ယဉ်ကျေးမှုပြတိုက်ရှိ အုတ်တံတားနှင့်အနန္တမေတ္တာချောင်သီလရှင်ကျောင်းတိုက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့်ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံ့ကိုင်းစေတီတို့တွင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ထုံးဘိုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား/ကျောင်းသူများ စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် ကျောင်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများနှင့် ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးတို့ကို ကျောင်းတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ယာယီကျောင်းဆောင်ဆောက်လုပ်မည့် နေရာတွင် မြေလုပ်ငန်းများ တူးဖော်ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ ဆရာ/ ဆရာမများ၊ ရပ်မိရပ်ဖများ၊

စာမျက်နှာ ၇ သို့ ➲

⊃ စာမျက်နှာ ၆ မှအဆက်

တပ်မတော်သားများစုပေါင်း၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော အပျက်အစီးများဖယ်ရှားရှင်းလင်းပြီး ပြိုကျပျက်စီးသွားသောအုတ်တံတိုင်းနေရာတွင် သွပ်ပြားများဖြင့် ယာယီခြံစည်းရိုးဆောက်လုပ်ပေးနေမှုအခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် အိုးတော်ရပ်ကွက်ရှိအခြေခံပညာမူလတန်းလွန်ကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသောအပျက်အစီးများအား ဆရာ/ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ ဖယ်ရှားရှင်းလင်းနေမှုများအားလည်းကောင်း၊ စာသင်ဆောင်များတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ/ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ကျောင်းအပ်နှံစဉ် ကျောင်းသား/ ကျောင်းသူများအားပေးအပ်မည့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ အစရှိသည့် ပစ္စည်းများအား စနစ်တကျထားသိုသိမ်းဆည်းရန်နှင့် ကျောင်းတွင်းယာယီနေထိုင်သည့် ဆရာ/ဆရာမများအတွက် ရေ/မီးအခက်အခဲမရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန်မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နဂါးရုံဆုတောင်းပြည့်မြတ်စွာဘုရား၊ မဟာဝိဇယရံသီပုထိုးတော်ကြီးမြတ်စွာဘုရား နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများဆက်ကပ်လှူဒါန်းကာ ဘုရားစေတီပုထိုးအပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော တန်ဖိုးရှိ ရတနာဌာပနာပစ္စည်းများအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရေးဆောင်ရွက်စဉ်ကာလအတွင်း ဘဏ်များတွင်အပ်နှံထားရှိရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ ရန်အောင်ပြင်ရပ်ကွက်ရှိ ရွှေလူမင်္ဂလာခန်းမ၌ စဥ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် လုံးဝပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက်ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများအား နိုင်ငံတော်မှအင်တိုက်အားတိုက် လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲခိုင်မာသောစိတ်ဓာတ်ဖြင့် မူလအခြေအနေထက်ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပစ္စည်း(၁၆)မျိုးပါဝင်သောထောက်ပံ့ပစ္စည်းအိတ်များအားပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်သူများအားအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသည့်ပညာရှင်များနှင့် တိုင်ပင်၍ ငလျင်ဒဏ်အင်အားရစ်(ခ်)တာစကေးအဆင့်(၈)အထိခံနိုင်သည့်အဆောက်အအုံများတည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှစက်ရုံထုတ်အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ သတင်းပို့ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး မြို့မိမြို့ဖများ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ တောင်ရင်းကျေးရွာအုပ်စုရှိ SANNSHINN & BROTHER Co.,Ltd. (TARGET ဖိုက်ဘာဘိလပ်မြေပြားထုတ်လုပ်ရေးလုပ်ငန်း)စက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့ရာ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုအခြေအနေတို့အား စက်ရုံတာဝန်ရှိသူမှ ရှင်းလင်းတင်ပြခဲ့ပြီး စက်ရုံအတွင်း TARGET အမှတ်တံဆိပ်ပါ ဖိုက်ဘာဘိလပ်မြေပြားများထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၎င်းဖိုက်ဘာဘိလပ်မြေပြားများသည် နိုင်ငံခြားသွင်းကုန်အစားထိုးဆောင်ရွက်နိုင်သည့် အရည်အသွေးမီကုန်ပစ္စည်းများဖြစ်သဖြင့် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှထွက်ရှိလာသည့်ဖိုက်ဘာဘိလပ်မြေပြားများအားဦးစားပေးစနစ်ဖြင့်ရောင်းချပေးနိုင်ရေး၊ ထုတ်လုပ်မှုအရည်အသွေးမကျဆင်းစေရေး၊ ဖိုက်ဘာဘိလပ်မြေပြားများမူလကထက် ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအတွင်း/အပြင်မီးဘေးလုံခြုံမှုစနစ်တကျရှိစေရေးတို့အား မှာကြားခဲ့ကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသောဘုရားစေတီများ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စေတနာရှင်၊ အလှူရှင်များ၏လက်ဝယ်သို့ နဝမမြောက်နေ့အဖြစ်ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သံဃာတော်များ၊ မြို့မိမြို့ဖများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အားရစ်(ခ်)တာစကေးအဆင့်(၈)အထိခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း လျှောက်ထားမှာကြားခဲ့ကာ မြို့မိမြို့ဖများ၏တင်ပြချက်များအပေါ်တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး နေ့လယ်ပိုင်းတွင် ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်ရှိငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအိမ်အဆောက်အအုံအား စက်ယန္တရားဖြင့်ရှင်းလင်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံများအား ရှင်းလင်းဆောင်ရွက်ရာတွင် ဘေးပတ်ဝန်းကျင်ရှိအဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှုမရှိစေဘဲစနစ်တကျရှင်းလင်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်မီးကြိုးများအား စနစ်တကျကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့အား စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးခဲ့ကာ လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့်အပျက်အစီးများအား အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့အား မှာကြားခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့်ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ (၆၉၄၇)လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ(၆၆၁၁)လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ(၃၃၆)လုံးမှ အဆောက်အအုံ(၃၂၁)လုံးတို့အား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ(၁၅)လုံးကျန်ရှိပြီး ကျန်ရှိနေသည့် အဆောက်အအုံ (၁၅) လုံးအနက် ဘာသာရေးဆိုင်ရာအဆောက်အအုံ(၃)လုံးသည် သက်ဆိုင်ရာအဖွဲ့အစည်းများအစီအစဉ်ဖြင့် ဖျက်သိမ်းလျက်ရှိကြောင်းနှင့် ဌာနဆိုင်ရာအဆောက်အအုံ(၁၂)လုံးသည်သက်ဆိုင်ရာဝန်ကြီးဌာနအစီအစဉ်ဖြင့် စစ်ဆေးမှုခံယူနိုင်ရေးတင်ပြထားကြောင်း သိရှိရသည်။

၎င်းနောက် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်းများအခြေအနေနှင့်ဝန်ထမ်းများအတွက် စေတနာရှင်၊ အလှူရှင်များကလှူဒါန်းသော (၃)ခန်းတွဲယာယီလိုင်းခန်းများတည်ဆောက်ပေးမည့် မြေနေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရေး၊ ဝန်ထမ်းများစားသောက်မှုအဆင်ပြေစေရေးအတွက် ရေသန့်များဆောင်ရွက်ပေးသွားရန်နှင့် သား/ငါး၊ အသီးအရွက်၊ ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများမှတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပီလောပီနံမှ စားသောက်ကုန်ချောထုတ်လုပ်မှုသရုပ်ပြ

နေပြည်တော် မေ ၁၂

ပီလောပီနံမှစားသောက်ကုန်ချောထုတ်လုပ်မှုသုတေသနပြုစမ်းသပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် အင်ဂျင်နီယာဓာတ်ခွဲခန်း (ရေဆင်း)၌ ကျင်းပသည်။

အဆိုပါ စမ်းသပ်သုတေသနပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ရချိန်တွင် ဆန်အပြင် မိမိဒေသတွင်းရရှိနိုင်သည့် သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် မြစ်စားသီးနှံများ ကစီဓာတ်ကြွယ်ဝသော သီးနှံများကို ပုံစံမျိုးစုံဖြင့် စားသုံးတတ်ရန် ပညာပေးစီမံဆောင်ရွက်ပေးခြင်းဖြင့်စားရေရိက္ခာဖူလုံရေးစီမံဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ဖူဖူ ခေါ် အာဖရိကနိုင်ငံများတွင် စားသုံးသည့်ပီလောပီနံအခြေခံစားသောက်ဖွယ် ပြုလုပ်သုံးစွဲမှုနှင့် လိုအပ်သလိုမြန်မာမှုပြုနိုင်ရန် စမ်းသပ်ချက်ပြုလုပ်စေခြင်းဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံရှိ တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း ပြန်လည်ဖော်ထုတ်ထိန်းသိမ်းပြီး ဒေသစားသုံးမှုပုံစံ၊ စားသုံးမှုစနစ်များကို မှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း၊ ဆန်တိုဟူး၊ ဝတုံ၊ ဆီတိုဟူး၊ ဟင်းပေါင်း၊ ကယားဝက်အူချောင်း အစရှိသည့် ဒေသအလိုက်အစားအစာများကို ဆန်းသစ်တီထွင်ခြင်းများ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်နိုင်ပါက အသေးစား၊ အငယ်စားနှင့်အလတ်စား MSMEs ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက ပီလောပီနံမှ ဖူဖူအပြင် အခြားစားသောက်ကုန်ပစ္စည်းများ ပြုလုပ်ပုံအဆင့်ဆင့်နှင့် ပြည်တွင်းပြည်ပမှစားသုံးသူများ၏စားသုံးမှုပုံစံအမျိုးမျိုးကိုလည်းကောင်း၊ အာလူးအစားထိုး ပီလောပီနံစမူဆာ၊ ပီလောပီနံခေါပုတ်များစမ်းသပ်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းပြသကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပီလောပီနံအခြေခံ စားသောက်ဖွယ်ရာများထုတ်လုပ်သည့် နည်းပညာ၊ ဗဟုသုတများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်မျှဝေပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

**(၁၂-၅-၂၀၂၅) ရက်နေ့**

**ဓာတ်သတ္တု(ရွှေ)**

**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၇၁၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်**

နေပြည်တော် မေ ၁၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ (မိုး/ဇလ)

# ပြင်းထန်သောအပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများ

လက်ရှိမှာ ရာသီဥတုပူပြင်းတာကြောင့် အိမ်အပြင်မှာရော အိမ်အတွင်းမှာပါ အပူဒဏ်ကိုရင်ဆိုင်ရနိုင်ပါတယ်။ အပူဒဏ်ကြောင့်ဖြစ်နိုင်တဲ့ ကျန်းမာရေးဆိုးကျိုးတွေကတော့ အပူကြောင့် ကြွက်တက်ခြင်း (Heat Cramps)၊ အပူကြောင့်နုံးခွေခြင်း (Heat Exhaustion)နဲ့ အပူကြောင့်လေဖြတ်ခြင်း (Heat Stroke) ဆိုပြီး သုံးမျိုးရှိပါတယ်။

အပူကြောင့် ကြွက်တက်ခြင်းဆိုတာ အပျော့စားပုံစံဖြစ်ပါတယ်။ အဓိက နေပြင်းတဲ့အချိန် ပြင်းထန်တဲ့လေ့ကျင့်ခန်းပြုလုပ်ပြီးနောက် အားအင်ကုန်ခန်းခြင်း၊ အလွန်အမင်းချွေးထွက်ခြင်း၊ ကြွက်သားတွေနာကျင်ခြင်းနဲ့ ကြွက်တက်ခြင်းတို့ဖြစ်ပါတယ်။

အပူကြောင့် နုံးခွေခြင်းက ကြွက်တက်ခြင်းထက် ပိုမိုပြင်းထန်ပါတယ်။ ခန္ဓာကိုယ်တွင်း ရေနဲ့ဆားဓာတ်ဆုံးရှုံးခြင်းကြောင့် ဖြစ်တတ်ပါတယ်။ အလွန်ပူပြင်းတဲ့ အပူရှိန်အောက်မှာ လုံလောက်တဲ့အရည်နဲ့ ဓာတ်ဆား ဖြည့်စွက်သောက်သုံးခြင်းမရှိဘဲ ချွေးအလွန်အကျွံထွက်တဲ့အခြေအနေမျိုးတွေမှာဖြစ်နိုင်ပါတယ်။ ခန္ဓာကိုယ်က သူ့အလိုလိုအေးမြအောင် မစွမ်းဆောင်နိုင်တော့တဲ့အထိ ဆိုးရွားလာပြီး အချိန်မီ မကုသရင် အပူလျှပ်ခြင်း၊ လေဖြတ်ခြင်းအထိ ဖြစ်နိုင်ပါတယ်။ ရောဂါလက္ခဏာအနေနဲ့ ပျို့ခြင်း ဒါမှမဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ ခေါင်းမူးခေါင်းနောက်ခြင်း၊ ကြွက်တက်ခြင်း၊ အားပျော့ခြင်း၊ ပူအိုက်ခြင်း၊ နုံးချည့်ခြင်း၊ ရေဆာခြင်း၊ အလွန်အကျွံချွေးထွက်ခြင်းနဲ့ ခန္ဓာကိုယ်အပူချိန်တက်ခြင်းတို့ ခံစားရနိုင်ပါတယ်။

**"ခန္ဓာကိုယ်ရဲ့ အပူထိန်းစနစ်ပျက်စီးသွားတဲ့နောက် ခန္ဓာကိုယ်က ချွေးလုံးဝမထွက်တော့ဘဲ ကိုယ်ပူကြီးပြီး သတိလစ်သွားတတ်တဲ့အခြေအနေမျိုးဖြစ်ပါတယ်။ သာမန်အပူကြောင့် နေမကောင်းဖြစ်တာ၊ ဖျားနာတာတွေမှာ အသက်အန္တရာယ်မရှိနိုင်ပေမယ့် အပူလျှပ်လေဖြတ်တဲ့အဆင့်မှာ ပြန်ကောင်းနိုင်ခြေနည်းသွားပြီး အသက်သေဆုံးနိုင်တဲ့အတွက် သတိပြုသင့်ပါတယ် . . ."**

အပူကြောင့် လေဖြတ်ခြင်းက အပူချိန်ပြင်းထန်လို့ဖြစ်ပါတယ်။ အပူကြောင့်ဖြစ်တတ်တဲ့အဆင့်သုံးဆင့်မှာ လေဖြတ်ခြင်းက အမြင့်ဆုံးအဆင့်ဖြစ်ပါတယ်။

ခန္ဓာကိုယ်ရဲ့ အပူထိန်းစနစ်ပျက်စီးသွားတဲ့နောက် ခန္ဓာကိုယ်က ချွေးလုံးဝမထွက်တော့ဘဲ ကိုယ်ပူကြီးပြီး သတိလစ်သွားတတ်တဲ့အခြေအနေမျိုးဖြစ်ပါတယ်။ သာမန်အပူကြောင့် နေမကောင်းဖြစ်တာ၊ ဖျားနာတာတွေမှာ အသက်အန္တရာယ်မရှိနိုင်ပေမယ့် အပူလျှပ်လေဖြတ်တဲ့အဆင့်မှာ ပြန်ကောင်းနိုင်ခြေနည်းသွားပြီး အသက်သေဆုံးနိုင်တဲ့အတွက် သတိပြုသင့်ပါတယ်။ ပတ်ဝန်းကျင်ရဲ့ အပူ၊ အအေးလွန်ကဲမှုက လူသားတို့စိတ်ကျန်းမာရေးမှာ စိတ်တိုခြင်း၊ စိတ်ဖိစီးခြင်းအပြုအမူပိုင်းဆိုင်ရာပြဿနာတွေ၊ အာရုံစူးစိုက်မှုသောကနဲ့ စိတ်ကျရောဂါတွေဖြစ်စေနိုင်လို့ ဆင်ခြင်နေထိုင်သင့်ပါတယ်။

အပူဒဏ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ပါတယ်။

- ပူပြင်းတဲ့ရက်တွေမှာ အရည်များများသောက်သင့်ပါတယ်။ သစ်သီးဖျော်ရည်တို့၊ ဓာတ်ဆားရည်တို့ သောက်သုံးနိုင်တယ်။ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါရှိသူတွေကတော့ ဆရာဝန်နဲ့တိုင်ပင်ပြီး သွေးတိုးနဲ့ ဆီးချိုထိန်းနိုင်ဖို့လိုပါတယ်။
- လက်ဖက်ရည်၊ ကော်ဖီနဲ့ကိုကာကိုလာလို ကဖိန်းဓာတ်ပါတဲ့အရည်တွေကို ရှောင်ကြဉ်သင့်ပါတယ်။ အရက်၊ ဘီယာတွေ ရှောင်ကြဉ်သင့်ပါတယ်။ အရက်နဲ့ဘီယာက ခန္ဓာကိုယ်တွင်းရေဓာတ်ကို အချိန်တိုအတွင်း ညစ်နွမ်းစေလို့ ရှောင်ကြဉ်သင့်ပါတယ်။
- ပွပွချောင်ချောင်၊ အရောင်ဖျော့ဖျော့ ချည်ထည်အဝတ်အစားတွေကိုသာ ရွေးချယ်ဝတ်ဆင်သင့်ပါတယ်။
- ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်မယ်ဆိုရင် အေးတဲ့အချိန် ညနေပိုင်း ဒါမှမဟုတ် နံနက်စောစောအချိန်မှာသာ ပြုလုပ်သင့်ပါတယ်။ အေးမြတဲ့နေရာမှာ အနားယူသင့်ပါတယ်။
- အပြင်ထွက်ရင် နေရောင်ကာပစ္စည်းတွေဖြစ်တဲ့ ထီး၊ ဦးထုပ်၊ နေကာမျက်မှန်၊ နေရောင်ကာခရင်မ်၊ သနပ်ခါးအသုံးပြုသင့်ပါတယ်။
- အပြင်သွားနေချိန်မှာ အပူချိန်ပြင်းတဲ့နေရာတွေသွားရင် သတိပြုသင့်ပါတယ်။ နေပူထဲကနေ အဲကွန်းရှိတဲ့နေရာကိုသွားမယ်ဆိုရင် နေရာတစ်ခုမှာ ခဏနေပြီးမှ သွားလာသင့်ပါတယ်။ အပူကနေ အအေး ဒါမှမဟုတ် အအေးကနေ အပူကို ညင်သာစွာ ကူးပြောင်းသင့်ပါတယ်။
- အပြင်သွားလာရင် ရေခဲရေ၊ ရေခဲပါတဲ့ဖျော်ရည်၊ အစားအစာတွေစားသောက်တာမျိုး သတိထားရပါမယ်။
- ကားပါကင်အတွင်း နေပူအောက်ကားထဲမှာ အချိန်အကြာကြီး စောင့်ဆိုင်းတာမျိုး မပြုလုပ်သင့်ပါဘူး။
- နေမကောင်းဖြစ်နေရင် ပုံမှန်အချိန်ထက်ပိုပြီး ဂရုစိုက်သင့်ပါတယ်။ နေ့စဉ်သောက်ရေသန့် ၂-၃ လီတာသောက်သင့်ပါတယ်။

အိမ်ကိုအေးမြအောင် ထားသင့်ပါတယ်။ အခန်းအပူချိန်ကို နံနက် ၈-၁၀ နာရီအတွင်း မွန်းလွဲ ၁ နာရီနဲ့ ည ၁၀ နာရီနောက်ပိုင်းစစ်ဆေးသင့်ပါတယ်။ အခန်းအပူချိန်က နေ့အချိန် ၃၂ ဒီဂရီစင်တီဂရိတ်အောက်၊ ညမှာ ၂၄ ဒီဂရီစင်တီဂရိတ်အောက်ထားနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။ အဲဒီအပူချိန်က မွေးကင်းစကလေးငယ်တွေ၊ အသက် ၆၀ အထက်လူကြီးတွေနဲ့ နာတာရှည်ရောဂါရှိသူတွေအတွက် အထူးအရေးကြီးပါတယ်။

ညအချိန် သဘာဝလေက အိမ်တွင်းအပူချိန်လျှော့နည်းစေဖို့ အသုံးဝင်ပါတယ်။ ညပိုင်းနဲ့ နံနက်ပိုင်းအချိန်တွေမှာ ပြင်ပလေအေးရရှိအောင် ပြတင်းပေါက်နဲ့ လိုက်ကာတွေ ဖွင့်ထားသင့်ပါတယ်။

တိုက်ခန်း ဒါမှမဟုတ် အိမ်အတွင်းရှိ အပူပမာဏလျှော့ချသင့်ပါတယ်။ နေ့အချိန် နေပူရှိန်တိုက်ရိုက်ကျရောက်တဲ့ အိမ်ဖြစ်ရင် ပြတင်းပေါက်နဲ့ လိုက်ကာတွေ ပိတ်ထားသင့်ပါတယ်။ မီးသီး၊ မီးချောင်းနဲ့ လျှပ်စစ်ပစ္စည်းတွေ ပိတ်ထားသင့်ပါတယ်။

နေအိမ်မှာ အဲကွန်းတပ်ဆင်ထားပါက တံခါးနဲ့ပြတင်းပေါက်တွေ ပိတ်ထားခြင်း၊ မလိုအပ်တဲ့ လျှပ်စစ်ပစ္စည်းတွေ ပိတ်ထားခြင်းဖြင့် ရပ်ရွာအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်နိုင်ခြင်းကို လျှော့ချထိန်းသိမ်းသင့်ပါတယ်။ လျှပ်စစ်ပန်ကာတွေက အပူချိန်လျှော့ကျစေပေမယ့် ၃၅ ဒီဂရီစင်တီဂရိတ်အထက်ဖြစ်ရင် အပူဒဏ်ကြောင့်ဖြစ်တဲ့ နာမကျန်းမှုကို မကာကွယ်နိုင်ပါဘူး။ အိမ်ကို အေးမြအောင်ထားဖို့မဖြစ်နိုင်ရင် အေးမြတဲ့နေရာမှာ သုံးနာရီလောက်သွားရောက်နေထိုင်သင့်ပါတယ်။ ဥပမာ–အရိပ်၊ အေးမြပြီး လေဝင်လေထွက်ကောင်းတဲ့နေရာတွေ၊ အဲကွန်းရှိတဲ့ အများပြည်သူအဆောက်အအုံတွေမှာ နေသင့်ပါတယ်။ နေ့ခင်းဘက် အပူရှောင်သင့်ပါတယ်။ ပြင်းထန်တဲ့ကိုယ်လက်လှုပ်ရှားမှု ရှောင်သင့်ပါတယ်။

သက်ကြီးရွယ်အိုတွေနဲ့ ကလေးငယ်တွေ ရေဓာတ်ပြည့်ဝအောင် ဂရုစိုက်ပေးသင့်ပါတယ်။ ရေအေးနဲ့ရေချိုးသင့်ပါတယ်။ အေးမြတဲ့အခန်းမှာ အလုပ်လုပ်ကိုင်ခြင်း ဒါမှမဟုတ် အလှည့်ကျလုပ်စေခြင်းပြုလုပ်သင့်ပါတယ်။ ။

**ဒေါက်တာလွင်သန့်**

---

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် မေ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို မေလ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင့်ပြုငွေ ငွေကျပ် သန်း ၃၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နို့စားနွားမွေးမြူရေးလုပ်ငန်းအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖက်ကုန်းကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးအား ငွေကျပ် သန်း ၃၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

---

# ကန့်ဘလူမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး အထောက်အကူပြုရန် ပျိုးပင်ပေါင်း ၂၀၀၀၀ ပျိုးထောင်ထား



ကန့်ဘလူ မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဒေသတွင်း စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုကောင်းမွန်မျှတရန်နှင့် အခမဲ့ဖြန့်ဝေပေးနိုင်ရန် ပျိုးပင်ပေါင်း ၂၀၀၀၀ ကို မြို့နယ်သစ်တောဦးစီးဌာန ရွှေကျွန်းတောပျိုးဥယျာဉ်၌ ပျိုးထောင်ထားကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ ဒေသတွင်း စိမ်းလန်းစိုပြည်ရန်နှင့် ရာသီဥတုကောင်းမွန်မျှတစေရန်၊ နှစ်စဉ် မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးနိုင်ရန်၊ ပျိုးပင်များပျိုးထောင်ပြီး မြို့နယ်အတွင်းရှိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးရန်၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများ၌ စိုက်ပျိုးနိုင်ရန် ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဝေပေးရာ၌ ယခုနှစ်တွင် မြို့နယ်အတွင်းရှိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများအတွက် အခမဲ့ဖြန့်ဝေပေးနိုင်ရန် ရွှေကျွန်းတောပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၂၀၀၀၀ ပျိုးထောင်ထားကြောင်း သိရသည်။

ယင်းသို့ ပျိုးပင်များပျိုးထောင်ရာတွင် နှစ်ရှည်ခံနှင့် အရိပ်ရပင်များဖြစ်သည့် ကျွန်းပင် ၁၀၀၀၊ တမာပင် ၁၀၅၀၀၊ ယူကလစ်ပင် ၁၀၀၀၊ မဲဇလီပင် ၅၀၀၊ ဗာဒံပင် ၆၀၀၀၊ သဘော်တည်ပင် ၁၀၀၀ စုစုပေါင်း ၂၀၀၀၀ ပျိုးထောင်ထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မန္တလေးဈေးကွက်တွင် စားဖိုဆောင်သီးနှံများ ပုံမှန်အတိုင်းဝင်ရောက်ပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေး မေ ၁၂

မန္တလေးဈေးကွက်တွင် စားဖိုဆောင်သီးနှံများပုံမှန်အတိုင်းဝင်ရောက်ပြီး မိုးကြိုကာလဖြစ်သည့်အလျောက် အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ စားဖိုဆောင်သီးနှံပွဲရုံ လုပ်ငန်းလုပ်ကိုင်သူများ၏ ပြောကြားချက်အရ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်တွင် စားဖိုဆောင်သီးနှံများဖြစ်သော ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့်ငရုတ်သီးခြောက်များ ပုံမှန်အတိုင်းဝင်ရောက်လျက်ရှိပြီး ယခင်နှစ် မိုးကြိုကာလနည်းတူ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ လက်ရှိတွင် မန္တလေးမြို့၌ စားဖိုဆောင်သီးနှံပွဲရုံပေါင်း ၁၀၀ ခန့် လုပ်ငန်းများ လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။



"အခုချိန်မှာ မန္တလေးဈေးကွက်ကို ရှမ်းကြက်သွန်ဖြူတွေနဲ့ ရွှေဘိုဒေသဘက်က ဗမာကြက်သွန်ဖြူတွေ ဝင်ရောက်နေပါတယ်။ ကြက်သွန်နီဆိုရင်လည်း အခုချိန်က နယ်စုံကပေါ်တဲ့အချိန်ဖြစ်ပါတယ်။ ကျောက်ဆည်၊ မြစ်သား၊ မြင်းမူ၊ မြင်းခြံ၊ မုံရွာ စတဲ့နယ်စုံကပေါ်တဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ကိုဝင်ရောက်နေပါတယ်။ အာလူးကတော့ အဓိကအားဖြင့် အောင်ပန်းဒေသဘက်က ဝင်ရောက်ပါတယ်။ ငရုတ်သီးခြောက်တွေလည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသတချို့ကနေ ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု မန္တလေးမြို့ရှိ ရတနာပုံပွဲရုံပိုင်ရှင် ဦးမျိုးမင်းကပြောသည်။

အထူးသဖြင့် မန္တလေးဈေးကွက်၌ မိုးကြိုကာလနှင့် မိုးရာသီကာလနောက်ပိုင်း ပွင့်လင်းရာသီများတွင် စားဖိုဆောင်သီးနှံများ အရောင်းအဝယ်ကောင်းမွန်လေ့ရှိကြောင်း၊ မကြာမီ အောင်ပန်းဒေသ၌ အာလူးများ ထပ်မံထွက်ရှိလာမည့်အပြင် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသတချို့မှ မိုးကြက်သွန်နီများလည်း ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ထို့ပြင် မိုးဦးမကျမီရက်ပိုင်းအတွင်း ငရုတ်သီးခြောက်အသစ်များလည်း ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ထန်းတပင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် မေ ၁၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေလ ၁၂ ရက် တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပညာရေးမှူးရုံးရှေ့နှင့် မြို့မဈေးရှေ့တို့၌ ဆောင်ရွက်ကြသည်။

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံနိုင်ရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူခြင်းဖြစ်ပြီး အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာများစိုက်ထူခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခြင်းများကို မေလ ၂၂ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၅ခုနှစ် မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ သတ်မှတ်ထားကာ အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး၊ ကျောင်းအပ်လက်ခံနိုင်ရေးများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့အတွက်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ စာသင်ခန်းများပြင်ဆင်ခြင်း၊ စာသင်ခုံများနေရာချထားပေးခြင်း၊ ကျောင်းတွင်းနှင့် ကျောင်းပြင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ပုဇွန်တောင်မြို့နယ်၌ နွေရာသီ Basic Grammar သင်တန်းဖွင့်လှစ်



ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ နွေရာသီ Basic Grammar သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၂ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားပြီး ဆရာမကြီး ရွှေယဉ်နု(ပညာရေး)က သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဆရာမကြီး ရွှေယဉ်နု(ပညာရေး)က သင်ကြားပေးမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တက်ရောက်သင်ကြားကြကြောင်းနှင့် သင်တန်းကာလမှာ မေလ ၁၂ ရက်မှ ၂၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိရှိအသုံးချတတ်စေရန်၊ Basic Grammar ကို အခြေခံကျကျဖြင့် ပိုမိုတတ်ကျွမ်းနားလည်တတ်စေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အသိပညာဗဟုသုတများတိုးပွားကာ အမှား၊ အမှန် ချင့်ချိန်တွေးတောဆုံးဖြတ်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဟန်စုယဉ်**

# မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်



မြောင်းမြ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၁၈ တင်းခန့်ထွက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်၏ပြောပြချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်းဧက ၈၂၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် ပဲတီစိမ်းများကို ယခုနှစ် မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ပဲတီစိမ်းတစ်ဧကလျှင် ၂၀ ဒသမ ၁၈ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၈၂၂၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းထားတဲ့ပဲတီစိမ်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ မစိုက်ပျိုးမီအချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်''ဟု ဒေါ်ခင်ငွေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းသီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ပဲတီစိမ်းများအထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းပဲများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် စိုက်ပျိုးရေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပဲတီစိမ်းစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါဆောင်းသီးနှံများ အခက်အခဲမရှိစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း သက်ဆိုင်ရာမှ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတကျော်**

# တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ(၁)နှစ်သင်တန်း အမှတ်စဉ်(၁)၏ ဒီပလိုမာလက်မှတ်၊ ထူးချွန်ဆုနှင့် အလုပ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၂

တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ(၁)နှစ်သင်တန်း အမှတ်စဉ်(၁)၏ ဒီပလိုမာလက်မှတ်၊ ထူးချွန်ဆုနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ကျင်းပသည်။





အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်၏ အသားကဏ္ဍပိုမိုဖွံ့ဖြိုးရေးအတွက် မွေးမြူထုတ်လုပ်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တိုးမြှင့်ပေးနိုင်စေရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းပြီးမြောက် အောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူအားလုံးကို အလုပ်ခန့်အပ်လွှာများတစ်ပါတည်းပေးအပ်၍ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြစေရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းအမှတ်စဉ်(၁)ဖြစ်၍ ဆက်လက်ဖွင့်လှစ်မည့်သင်တန်းများမှပြီးမြောက်အောင်မြင်ပြီး လုပ်ငန်းခွင်ဝင်လာကြမည့်သူများအတွက် စံနမူနာကောင်းပေးနိုင်သူများ ဖြစ်စေရန်နှင့် စဉ်ဆက်မပြတ်လေ့လာမှုမှ ထူးချွန်ထက်မြက်သူများအဖြစ် အဆင့်ဆင့်သော လုပ်ငန်းတာဝန်များကို တိုးတက်တာဝန်ယူနိုင်ကြစေရေး ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထူးချွန်သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ပြီး အလုပ်ခန့်အပ်လွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်ရာ သက်ဆိုင်ရာသင်တန်းသားကိုယ်စားလှယ်က လက်ခံရယူခဲ့ကြသည်။

ထို့အတူ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းကျောင်းအုပ်ကြီးတို့က သင်တန်းသား၊ သင်တန်းသူများကို ဒီပလိုမာလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

သိပ္ပံဘွဲ့တစ်ခုခုရရှိပြီးသူများ တက်ရောက်နိုင်သည့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာ (၁)နှစ် သင်တန်း၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်တိရစ္ဆာန်ဆေးကုသရေးပညာရပ်များအပါအဝင် ဘာသာရပ်(၁၅)ခုအား စာတွေ့ကိုးလနှင့် ကွင်းလက်တွေ့သုံးလသင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း၊ အမှတ်စဉ်(၁)အဖြစ် ဖွင့်လှစ်ခဲ့သည့် ယခုသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၆၅ ဦးတက်ရောက်ခဲ့ပြီး အားလုံးကို ဒုတိယလက်ထောက်ဦးစီးမှူးရာထူးဖြင့်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။


အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြဝတီ

# ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ နောက်ဆုံးနေ့အဖြစ် သဘင်အစည်းအရုံးမှ ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၁၂

မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေ ပဒေသာကပွဲ နောက်ဆုံးနေ့အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမျိုးသားဇာတ်ရုံကြီးတွင် ယနေ့သဘင်အစည်းအရုံးက ဖျော်ဖြေတင်ဆက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်ပြည်သူများအားပါးတရကြည့်ရှုအားပေးကြသည်။





မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ယနေ့ညဖျော်ဖြေတင်ဆက်မှုတွင် ဦးစွာငလျင်လှုပ်ခတ်မှုဖြစ်စဉ်၊ ကူညီကယ်ဆယ်မှု၊ ကူညီထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးမှတ်တမ်းဗီဒီယိုကိုပြသပြီး ထိုဖြစ်စဉ်တွင် ထိခိုက်သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များမှ လှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်ကလက်ခံရယူသည်။

ဖျော်ဖြေရေးအစီအစဉ်တွင် သဘင်အစည်းအရုံးဝိုင်းတော်သားများ ပူးပေါင်းတင်ဆက်မှုနှင့်အတူ ပဏ္ဏာမဧည့်ခံဂီတသံဖြင့်စတင်ပြီး ဘုရားကန်တော့ခန်း၊ အပျိုတော်ယိမ်း၊ ပဏ္ဏာမတေး၊ တေးသံသာ၊ အာဇာနည်စန်းစန်းဆပ်ကပ်၊ အော်ပရာနှင့် မြို့ရွှေမန်းသားဖိုးချစ်နှင့်သဘင်အနုပညာရှင်တို့၏ နှစ်ပါးသွားအကတို့ဖြင့် အားပါးတရဖျော်ဖြေတင်ဆက်ခဲ့ရာ လာရောက်ကြည့်ရှုကြသည့်ပြည်သူများအထူးနှစ်ခြိုက်စွာအားပေးခဲ့ကြသည်။ မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၅ | ၂၉၃၅ | ၂၉၀၅ | ၂၈၄၀ | ၂၉၄၅ | ၂၉၆၀ | ၂၉၇၅ | ၂၈၉၅ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၀ | ၂၉၁၅ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၀ | ၃၂၂၅ |
| 95 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၆၀ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၀၅ | ၃၀၃၀ | ၃၂၈၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၅၂၅ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၆၅ | ၂၄၈၅ | - | ၂၇၈၀ | ၂၅၀၀ | ၂၅၀၅ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၀ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | ၄၈၃၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | - | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၇ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၂၆၂ | ၂၃၃၇ |
| HSD (50 ppm) | ၂၈၁၁ | ၂၈၉၇ |
| HSD (10 ppm) | ၂၈၁၁ | ၂၈၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

၁၂-၅-၂၀၂၅ ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ ၁၀ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအားဖြေကြားချက်" မှ ကော်လံ ၁ တွင် ဖော်ပြပါရှိသည့် **"နမ့်နင်းလူသတ်မှု"** ဟူသည့် စာသားအစား **"နန်ကျင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု"** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဝန်ထမ်းများစနစ်တကျနေထိုင်ရေးအတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးထား

နေပြည်တော် မေ ၁၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန မော်တော်ယာဉ်ရပ်နားကွင်းရှိ ယာယီလူနေအိမ်ရာများတွင် နေထိုင်လျက်ရှိသောဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အဌမအကြိမ်မြောက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပုံမှန်ရုံးတက်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သဖြင့် ပုံမှန်ထက်နှစ်ဆနီးပါး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဌာန၏နှစ်စဉ်စီမံကိန်းအရ လုပ်ငန်းတာဝန်များကို စနစ်တကျနှင့် အမှားအယွင်းအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများစနစ်တကျနေထိုင်ရေးအတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် ဝန်ကြီးဌာနသက်သာစားသောက်ဆိုင်ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ယာယီလူနေအိမ်ရာများတွင် သန့်ရှင်းသပ်ရပ်စွာနှင့် စည်းကမ်းတကျနေထိုင်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ခြင်ထောင်၊ စောင်၊ မီးဖိုချောင်သုံးပစ္စည်းများ (Kitchen Sets) နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် စုစုပေါင်းပစ္စည်း ကိုးမျိုးကိုပေးအပ်ခဲ့ရာ ဝန်ထမ်းများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးဌာန၏ယာယီလူနေအိမ်ရာများတွင် ဝန်ထမ်းများနေထိုင်နေမှုအခြေအနေများ၊ ဝန်ထမ်းများအတွက် ဆောင်ရွက်ထားရှိသည့် အများသုံးမီးဖိုချောင်(Community Kitchen) များ၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းများနှင့် သုံးရေရရှိရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# တိုင်းရင်းသားစာပေသင်ကြားရေးအထောက်အကူပြုနှင့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၂

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားစာပေသင်ကြားရေးနှင့်စာပေသင်ကြားရေးအထောက်အကူပြုဝန်ထမ်းများခန့်ထားရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားစာပေသင်ကြားသည့် Teaching Assistant-TA၊ Language Teacher-LT ဆရာ/ဆရာမများခန့်ထားနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစတင်ကာ ပညာရေးဝန်ကြီးဌာနနှင့်စံပြုအချက်များပြုစု၍ စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း။

ဝန်ကြီးဌာနများသည် မိမိတို့၏လုပ်ငန်း၊ ကဏ္ဍအလိုက် တိုင်းရင်းသားပြည်သူများအတွက် ဆောင်ရွက်ကြရသည်ဖြစ်ရာ တိုင်းရင်းသားများအတွက် အထူးဆောင်ရွက်ပေးသည့် ပညာရေးဝန်ကြီးဌာနအား ကျေးဇူးတင်ရှိကြောင်း၊ တက်ရောက်လာကြသူများအားလုံးအနေဖြင့်လည်း တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များနှင့်ပတ်သက်၍ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများကို ပိုမိုကောင်းမွန်လာစေရန်ရှေးရှုပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်းပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မိမိတို့ပညာရေးဝန်ကြီးဌာနသည် တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားသင်ယူမှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားသည့် Teaching Assistant-TA၊ Language Teacher-LT ဆရာ/ဆရာမများ ခန့်ထားရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်းထားသည့်မူဘောင်များရှိပြီး အခက်အခဲများကို အတူတကွ ပြန်လည်ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် TA၊ LT ဆရာ/ဆရာမ လျှောက်လွှာများခေါ်ယူရေးကိစ္စ၊ တိုင်းရင်းသားစာပေသင်ရိုးညွှန်းတမ်းစာအုပ်များ ပိုမိုပုံနှိပ်ထုတ်ဝေနိုင်ရေးကိစ္စ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးမြင့်အထောက်အကူပြု သင်တန်းများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နီးစပ်ရာဒေသများတွင် ဖွင့်လှစ်ပေးနိုင်ရေးကိစ္စရပ်များကို ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲတွင် အင်းတိုင်တပ်နယ်အသင်း ဒိုင်းဆုရရှိ

နေပြည်တော် မေ ၁၂

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၊ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဒိုင်းဆုရရှိသော အင်းတိုင်တပ်နယ်အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပစ္စတိုထိလဲပစ်ခတ်စဉ် ဗိုလ်လုပွဲယှဉ်ပြိုင်ပစ်ခတ်မှုများကိုကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့်ဒိုင်းဆုရရှိသော အင်းတိုင်တပ်နယ်အသင်းတို့အား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း (၁၀) သင်းဖြင့် မေလ ၂ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

နေပြည်တော် မေ ၁၂

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၄-၅-၂၀၂၅ ရက် ည ၈ နာရီမှ ၁၁-၅-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၅၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။


ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။


မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန


# တရားမအထူးအယူခံမှု(၄)မှုကိုစီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု(၄)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၈၀/၂၀၂၄ (ရန်ကုန်)၊ ၁/၂၀၂၅ (မကွေး)၊ ၂/၂၀၂၅ (ရန်ကုန်) နှင့် ၃/၂၀၂၅ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅/၂၀၂၅ (တနင်္သာရီ)၊ ၆/၂၀၂၅ (မကွေး)၊ ၈/၂၀၂၅ (ရှမ်း)နှင့် ၁၂/၂၀၂၅ (ရန်ကုန်) စုစုပေါင်းတရားမအထူးအယူခံမှု(၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**




❍ **ကျောဖုံးမှအဆက်**

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# သင်တန်းဆင်းများအား သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး အလုပ်ရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်

**နေပြည်တော် မေ ၁၂**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၃)ရပ်ကွက် ရန်ကင်းလမ်းမကြီး အမှတ် (၂၀၆/၂) ရှိ Dual Tech Vocational Institute ၌ သက်မွေးသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက Dual Tech Vocational Institute မှ သင်ကြားပို့ချပေးနေသည့် သင်တန်းများသည် ဈေးကွက်လိုအပ်ချက်များသော သင်တန်းများဖြစ်သည့်အတွက် သင်တန်းဆင်းများအတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ သင်တန်းသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေသည့် သင်တန်းဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်ကြားပို့ချနေမှုများကို စိတ်အား၊ ဉာဏ်အား၊ ကိုယ်ကာယအား စိုက်ထုတ်၍ သေချာစွာလေ့လာမှတ်သားရန်လိုကြောင်း၊ နိုင်ငံ့သားပီသစွာ အမိနိုင်ငံချစ်စိတ်ဖြင့် နိုင်ငံ့ကောင်းကျိုး ဆပိုးထမ်းရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀) ရပ်ကွက် လယ်ယာ(၂)လမ်း အမှတ် ၁/ခ (A) ရှိ Golden Plant Training Center ၌ ဂဟေနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက Golden Plant Training Center ၌ သင်ကြားပို့ချနေသည့် ဂဟေသင်တန်းသည် လုပ်သားဈေးကွက်အတွင်း ကျွမ်းကျင်လုပ်သား အမှန်တကယ်လိုအပ်နေသည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းဆင်းများအတွက် ပြည်တွင်း/ပြည်ပ အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိသည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းကျောင်းအနေဖြင့်လည်း သင်ကြားပို့ချသည့် သင်တန်းများကို အရည်အသွေးပြည့်ဝသည့် သင်တန်းများဖြစ်စေရေးနှင့် မိမိတို့သင်တန်းဆင်းများအား သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး အလုပ်ရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့ (NSSA) အသိအမှတ်ပြု အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှုခံယူနိုင်ရန် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် မေ ၁၂**

စွယ်စုံမီဒီယာဂရု (SweSone Media Group)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ ၂၀၂၃ ခုနှစ်အတွက် သုတစွယ်စုံတစ်သက်တာစာပေဆုကို ဆရာကြီး ဒေါက်တာခင်မောင်ညို(ရှုပြီး) ၂၀၁၈ ခုနှစ်အတွက် ရည်ညွှန်းစာပေဘာသာရပ်တွင် နိုင်ဇော်၏ "ထင်ရှားထူးချွန် ဆရာဝန်"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် ဗိုလ်အေးမြင့်ကြူ၏ "ကျွန်တော့်ကိုမမေ့ပါနဲ့"၊ ၂၀၁၉ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် သိန်းထွန်း(မြဝတီ)၏ "တိုင်းရင်းသားလူမျိုးတို့၏ဓလေ့ထုံးစံများ"၊ ၂၀၂၀ ပြည့်နှစ်အတွက် အသုံးချသိပ္ပံဘာသာရပ်တွင် ဒေါက်တာသိန်းဆွေ(ပြည်သူ့ကျန်းမာ)၏ "ကျန်းမာခြင်းဆုလာဘ်"၊ ၂၀၂၁ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ကျော်လှိုင်၏ "ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှုအရည်အသွေးကိုလေ့လာခြင်း(တတိယမြန်မာနိုင်ငံတော်)"၊ ၂၀၂၂ ခုနှစ်အတွက် ဘာသာပြန်စာပေဘာသာရပ်တွင် နေဇင်လတ်၏ "စီးပွားဖျက်သူလျှို၏ ဖြောင့်ချက်"၊ စာပဒေသာဘာသာရပ်တွင် မောင်ခေတ်ထွန်း၏ "မောင်ခေတ်ထွန်း၏စာ(စိန်ရတုလက်ရွေးစာပေါင်းစု)"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်တွင် ဟိန်းလတ်၏ "မြန်မာ့စွမ်းအင် လူချွန်လူကောင်း"၊ ၂၀၂၃ ခုနှစ်အတွက် စာပဒေသာဘာသာရပ်တွင် ဒေါက်တာထွေး(ဆေး/မန်း)၏ "နိပွန်ပြည်တွင် တဒင်္ဂ"၊ သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ညွန့်ရည်၏ "အန်ကောခေတ် ယဉ်ကျေးမှု"၊ အသုံးချသိပ္ပံဘာသာရပ်တွင် ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ "ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဖြောင့်ချက်"တို့ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၃၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွက် သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ်ချီးမြှင့်ခဲ့ပြီး ယခုအကြိမ်တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက် ထုတ်ဝေခဲ့သည့် စာအုပ်များကိုအခြေခံ၍ (၁၅)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် မကြာမီကျင်းပရန်စီစဉ်ထား၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု ဖုန်း-၀၁-၃၈၅၂၉၃၊ ၈၃၉၂၇၃၉ နှင့် ၃၇၄၄၀၀ သို့ အမြန်ဆက်သွယ်သတင်းပို့ကြပါရန် အကြောင်းကြားထားကြောင်း သိရသည်။ **မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၆˚c |
| ရန်ကုန် | ၂၃˚c | / | ၃၅˚c |
| မန္တလေး | ၂၅˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဖွံ့ဖြိုးတိုးတက်ဖို့ စာပေဖတ်ကြစို့

## ရေနံ့သာမောင်ကျော်ညွန့်

လူတစ်ဦးတစ်ယောက်ချင်းစီမှာ ကိုယ်ခန္ဓာကြံ့ခိုင်ထွားကျိုင်းဖို့လိုသလို သန့်စွမ်းကျန်းမာဖို့လည်းလိုအပ်ပါတယ်။ ဒါကြောင့် ကိုယ်ခန္ဓာကြံ့ခိုင်ထွားကျိုင်းပြီး သန့်စွမ်းကျန်းမာဖို့အတွက် အာဟာရဖြစ်စေတဲ့အစားအစာတွေကိုစားသုံးကြရတယ်။ ဒါကလည်း တစ်ရက်တလေစားသုံးကြရတာမဟုတ်ပါဘူး။ နေ့စဉ်နေ့တိုင်းစားသုံးနေကြရတဲ့ နိစ္စဓူဝကိစ္စပါ။ စားသုံးနေကြရတဲ့ အစားအစာတွေထဲမှာရှိနေတဲ့ အရသာကလည်းအမျိုးမျိုးပါပဲ။ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဖန်၊ အခါးစတဲ့အရသာတွေပါ။ အဲဒီအရသာတွေကိုလျှာကပဲသိပါတယ်။ အဲဒီအရသာတွေက ကိုယ်ခန္ဓာဖွံ့ဖြိုးဖို့ကို ဖြည့်ဆည်းပေးနေတာပါ။ ကိုယ်ခန္ဓာဖွံ့ဖြိုးလာတာနဲ့အမျှ ကြံ့ခိုင်ထွားကျိုင်းလာသလို သန့်စွမ်းကျန်းမာလာတော့တာပါပဲ။

အရသာရှိတဲ့အစားအစာတွေထဲမှာ ရောဂါမဖြစ်အောင်ကြိုတင်ကာကွယ်ပေးတဲ့စားစရာအစားအစာတွေ၊ အင်အားဖြစ်စေတဲ့စားစရာအစားအစာတွေ၊ ခန္ဓာကိုယ်ကြီးထွားစေတဲ့စားစရာအစားအစာတွေဆိုပြီးအမျိုးမျိုးရှိတယ်။ ဒန့်သလွန်ရွက်၊ မြင်းခွာရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ဘူးညွန့်၊ ဟင်းနုနယ်၊ ပဲပင်ပေါက်၊ ပဲတောင့်ရှည်၊ မုန်လာဥနီ၊ သံပရာသီး၊ ပဲစောင်းလျားသီး၊ ရွှေဖရုံသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းချဉ်သီး၊ ဆီးဖြူသီး၊ သရက်သီး၊ သင်္ဘောသီး၊ နာနတ်သီး၊ ငှက်ပျောသီး၊ လိမ္မော်သီး၊ မာလကာသီးစတာတွေက ရောဂါမဖြစ်အောင်ကြိုတင်ကာကွယ်ပေးတဲ့ စားစရာအစားအစာတွေပါပဲ။ အာလူး၊ ကန်စွန်းဥ၊ ပိန်းဥ၊ ခေါက်ဆွဲ၊ ပြောင်းဖူး၊ မုန့်ဖက်ထုပ်၊ ကောက်ညှင်းထုပ်၊ ပေါင်မုန့်၊ နံပြား၊ ထောပတ်၊ သကြား၊ ဆီ၊ ကြံသကာ၊ ထန်းလျက်၊ ဘီစကွတ်စတာတွေကတော့ အင်အားဖြစ်စေတဲ့စားစရာအစားအစာတွေပါ။ အသား၊ ငါး၊ အသည်း၊ ပုစွန်ခြောက်၊ ငါးကလေး၊ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ငါးကလေးခြောက်၊ ပဲပြား၊ တိုဟူး၊ ဘဲသွေး၊ ဘဲဥ၊ ကြက်ဥ၊ ငုံးဥ၊ ပဲလွမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲနီလေး၊ ပဲကြီး၊ ပဲပုပ်စတဲ့အစားအစာတွေကတော့ ခန္ဓာကိုယ်ကြီးထွားစေတဲ့စားစရာအစားအစာတွေပဲဖြစ်ပါတယ်။

ကြံ့ခိုင်ထွားကျိုင်းပြီးသန့်စွမ်းကျန်းမာဖို့အတွက် ကိုယ်ခန္ဓာဖွံ့ဖြိုးစေတဲ့အာဟာရဖြစ်အစားအစာတွေက အရေးကြီးလှသလို အတွေးအခေါ်မြင့်မားပြီး အမြော်အမြင်ကျယ်ပြန့်ဖို့၊ အသိနဲ့သတိတွဲယှဉ်ပြီး ဆင်ခြင်တုံတရားရှိဖို့၊ အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုး၊ အမှားနဲ့အမှန်ကိုကွဲကွဲပြားပြား ခွဲခြားနိုင်ပြီး အမှားကိုရှောင်ဖို့၊ အမှန်ကိုဆောင်ဖို့၊ စာရိတ္တသီလနဲ့ဝါရိတ္တသီလကို လုံခြုံအောင်စောင့်ထိန်းပြီး ကိုယ်ကျင့်တရားကောင်းမွန်ဖို့၊ မိမိဘဝကို မိမိကိုယ်တိုင်တည်ဆောက်နိုင်ပြီး ဘဝလမ်းကြောင်း မတိမ်းစောင်းအောင်ထိန်းကျောင်းနိုင်ဖို့အတွက် နှလုံးသားနဲ့ဦးနှောက်ကိုအာဟာရဖြစ်စေမယ့် အစာကလည်းအရေးကြီးလှပါတယ်။ နှလုံးသားနဲ့ဦးနှောက်ကိုအာဟာရဖြစ်စေတဲ့ အစာကတော့ "စာပေ"ပါပဲ။

ကြံ့ခိုင်ထွားကျိုင်းပြီးသန့်စွမ်းကျန်းမာဖို့အတွက် ကိုယ်ခန္ဓာဖွံ့ဖြိုးစေတဲ့အာဟာရဖြစ်အစားအစာတွေထဲမှာအရသာတွေရှိနေသလို နှလုံးသားနဲ့ဦးနှောက်ကိုအာဟာရဖြစ်စေတဲ့ "စာပေ"တွေထဲမှာလည်း အရသာတွေရှိနေပါတယ်။ "စာပေ"တွေထဲမှာရှိနေတဲ့အရသာတွေကကိုးမျိုးတောင်ရှိပါတယ်။ အဲဒီအရသာကိုးမျိုးကိုတော့ "ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြနော အရသာ၊ ကျမ်းဂန်လာ"လို့ ရှေးစာဆိုမြန်မာပညာရှိတွေက ဆိုထုံးပြုခဲ့ကြပါတယ်။

"ချစ်"ဆိုတာက ချစ်ခင်မြတ်နိုးစိတ်ဖြစ်ပေါ်လာပြီး ခံစားလိုက်ရတဲ့ "သိင်္ဂါရရသ"၊ "ရွှင်"ဆိုတာက စိတ်ရွှင်ကိုယ်လန်းလာကာ ရယ်ရွှင်ချင်စိတ်ဖြစ်ပေါ်လာပြီး ခံစားလိုက်ရတဲ့ "ဟဿရသ"၊ "သနား"ဆိုတာက ကိုယ်ချင်းစာနာ၊ ငဲ့ညှာထောက်ထားသနားကြင်နာစိတ်တွေဖြစ်ပေါ်လာပြီး ခံစားလိုက်ရတဲ့ "ကရုဏာရသ"၊ "တည်ကြား" ဆိုတာက တည်ကြည်ငြိမ်းအေးစိတ်ဖြစ်ပေါ်လာပြီး ခံစားရတဲ့ "သန္တရသ"၊ "ကြမ်းကြုတ်"ဆိုတာက ရုန့်ရင်းရက်စက်ခက်ထန်တာတွေကိုတွေ့ပြီး ခံစားရတဲ့ "ရုဒ္ဒရသ"၊ "စက်ဆုပ်"ဆိုတာကစက်ဆုပ်ရွံရှာလာကာ အော့နှလုံးနာရအောင်ခံစားရတဲ့ "ဝိဘစ္ဆရသ"၊ "ကြောက်ရွံ့" ဆိုတာက ထိတ်လန့်ကြောက်ရွံ့လာအောင်ခံစားရတဲ့ "ဘယာနကရသ"၊ "ရဲဝံ့"ဆိုတာက ရဲသွေးရဲမာန်တွေနိုးကြားတက်ကြွလာပြီး အားထုတ်ကြိုးစားလိုစိတ်တွေထက်သန်လာအောင် ခံစားရတဲ့ "ဝီရရသ"၊ "အံ့သြ"ဆိုတာက ဖြစ်တန်ကောင်းတယ်လို့ ထင်မှတ်မထားဘဲ ထူးဆန်းအံ့သြစရာတွေကိုတွေ့ရပြီးခံစားရတဲ့ "အဗ္ဘုတရသ" ဆိုတဲ့ရသကိုးမျိုးပါ။ အဲဒီရသကိုးမျိုးက "စာပေ" တွေထဲမှာပဲရှိပါတယ်။

"စာပေ"ထဲမှာပဲရှိတဲ့ ရသကိုးမျိုးက နှလုံးသားနဲ့ဦးနှောက်ကိုခွန်အားဖြစ်စေတဲ့ အာဟာရတွေပါပဲ။

စာပေတွေထဲမှာရှိနေတဲ့ရသကိုးမျိုးက ကိုယ့်ဆီကိုအလိုလိုရောက်မလာပါဘူး။ စာပေထဲမှာရှိနေတဲ့ ရသကိုးမျိုးကို ကိုယ်ကိုယ်တိုင်တွေ့အောင်ရှာဖွေရမှာပါ။ ဘယ်လိုရှာဖွေရမလဲဆိုရင်တော့ စာပေတွေကိုဖတ်မှတ်လေ့လာပြီး ရှာဖွေရမှာပဲဖြစ်ပါတယ်။ စာတစ်အုပ်ကိုပဲဖတ်ဖတ်၊ ကဗျာတစ်အုပ်ကိုပဲဖတ်ဖတ်၊ စာတစ်ပုဒ်ကိုပဲဖတ်ဖတ်၊ ကဗျာတစ်ပုဒ်ကိုပဲဖတ်ဖတ် ဖတ်ပြီးတာနဲ့အနည်းဆုံးရသတစ်မျိုးမျိုးကိုတော့ခံစားရမှာမလွဲပါဘူး။

သိင်္ဂါရရသကိုခံစားရတော့ချစ်ခင်မြတ်နိုးတန်ဖိုးထားတဲ့စိတ်ဖြစ်ပေါ်လာတယ်။ အဲဒီစိတ်ဖြစ်ပေါ်လာတော့မုန်းတီးတဲ့စိတ်၊ ဝန်တိုတဲ့စိတ်၊ ရန်လိုတဲ့စိတ်ဖြစ်ပေါ်မလာတော့ဘူး။ သိင်္ဂါရရသက မုန်းတီးတဲ့စိတ်၊ ဝန်တိုတဲ့စိတ်၊ ရန်လိုတဲ့စိတ်ကိုတားဆီးနိုင်တယ်။ ဟဿရသကိုခံစားလိုက်ရတော့ညစ်ညူးနောက်ကျူနေတဲ့စိတ်က ကြည်လင်လန်းဆန်းလာတယ်။ တင်းမာနေတဲ့အကြောအခြင်တွေကလည်းပျော့ပျောင်းလာတယ်။ မျက်နှာပြင်မှာ ပြုံးရိပ်သန်းလာတယ်။ ပြုံးရိပ်သန်းလာရာကနေရယ်ချင်လာတယ်။ ရယ်ချင်လာလို့ရယ်လိုက်ရတော့ ပေါ့ပါးသွက်လက်လာတယ်။ "ရယ်သောသူအသက်ရှည်၏" လို့ဆိုတဲ့အတိုင်း ဟဿရသကရလာတဲ့အသက်ရှည်ဆေးပါပဲ။

ကရုဏာရသကိုခံစားလိုက်ရတော့ သနားကြင်နာတတ်တဲ့စိတ်၊ ထောက်ထားငဲ့ညှာတဲ့စိတ်၊ ကိုယ်ချင်းစာနာတဲ့စိတ်တွေဖြစ်ပေါ်လာတယ်။ အဲဒီစိတ်တွေဖြစ်ပေါ်လာတော့ တစ်ဖက်သားနစ်နာပျက်စီးတာတွေကိုမလိုလားဘူး။ တစ်ဖက်သားရဲ့ကောင်းကျိုးချမ်းသာကိုပဲလိုလားလာတယ်။ထောင်လွှားမောက်မာစိတ်မရှိတော့ဘူး။ စိတ်ကနူးညံ့ပျော့ပျောင်းလာတယ်။

> ❖ စာပေဆိုတဲ့ဝေါဟာရကို "အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင်ရေးဖွဲ့ထားသည့်စာ"လို့ မြန်မာအဘိဓာန်ထဲမှာ အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါတယ်။ ရသမြောက်အောင်ရေးဖွဲ့ထားတဲ့စာပေကို ရသစာပေလို့ခေါ်ဆိုပါတယ်။ ရသပေါ်အောင်ဖွဲ့နွဲ့ရေးသားထားတဲ့ကဗျာလင်္ကာ၊ စကားပြေစတာတွေက ရသစာပေအမျိုးအစားထဲမှာပါတာပါ။ သုတပွားအောင်ရေးဖွဲ့ထားတဲ့စာပေကိုတော့ သုတစာပေလို့အမည်တွင်ပါတယ်။ ဗဟုသုတဖြစ်ဖွယ်ရေးသားထားတဲ့စာတွေက သုတစာပေအမျိုးအစားထဲမှာပါတာပါပဲ။

ယဉ်ကျေးသိမ်မွေ့လာတယ်။ အဲဒါကရုဏာရသကရလာတဲ့ကောင်းကျိုးပါပဲ။

သန္တရသကိုခံစားလိုက်ရတော့ အေးငြိမ်းတည်ကြည်တဲ့အရသာကိုတွေ့လာတယ်။ အေးငြိမ်းတည်ကြည်တဲ့အရသာကစိတ်ကိုကြည်လင်လန်းဆန်းစေတယ်။ စိတ်ပျိုကိုယ်နုဖြစ်လာတော့တာပါပဲ။ ဒီတော့ သန္တရသကို စွဲမက်နှစ်သက်လာတာပေါ့။ သန္တရသကို စွဲမက်နှစ်သက်လာတာနဲ့အမျှ ဆူဆူညံညံပွက်လောရိုက်နေတာတွေ၊ ကယောက်ကယက်ဖြစ်နေတာတွေကိုကြားလည်းမကြားချင်၊ မြင်လည်း မမြင်ချင်တော့ဘူး။ တည်ငြိမ်အေးချမ်းတာတွေကိုပဲ မြင်ချင်ကြားချင်နေတယ်။ ကိုယ်ကိုယ်တိုင်ကလည်း တည်ငြိမ်အေးချမ်းတာကိုလိုလားလာသလို သူတစ်ပါးကိုလည်း တည်ငြိမ်အေးချမ်းစေချင်လာတယ်။ အဲဒါသန္တရသကပေးတဲ့ငြိမ်းချမ်းရေးလမ်းစပါပဲ။

စာပေရေးသားပြုစုကြရတဲ့စာရေးဆရာတွေက ဇာတ်ကောင်တွေရဲ့စရိုက်လက္ခဏာတွေကိုပီပြင်အောင်ရေးဖွဲ့ကြရတယ်။ အချို့ဇာတ်ကောင်တွေရဲ့စရိုက်လက္ခဏာကကြမ်းကြုတ်တယ်။ နှစ်သက်စရာမကောင်းဘူး။ မုန်းတီးဖို့ကောင်းတယ်။ အဲဒါက ရုဒ္ဒရသကနေရလာတဲ့ခံစားမှု အသိပါပဲ။ အချို့ဇာတ်ကောင်တွေရဲ့စရိုက်လက္ခဏာတွေကစက်ဆုပ်ရွံရှာဖို့ကောင်းတယ်။ အဲဒါက ဝိဘစ္ဆရသကပေးလို့ရလာတဲ့ခံစားမှုအသိပဲပေါ့။ အချို့ဇာတ်ကောင်တွေရဲ့စရိုက်လက္ခဏာကျတော့ ကြောက်ရွံ့ထိတ်လန့်စရာကောင်းတယ်။ ဘယာနကရသကနေပေးလို့ရလာတဲ့ခံစားမှုအသိပါပဲ။ အဲဒီအသိတွေရလာတော့ ကြမ်းကြုတ်တာတွေ၊ စက်ဆုပ်စရာတွေ၊ ထိတ်လန့်ကြောက်ရွံ့စရာတွေကို မကျူးလွန်တော့ဘူး။ မကျူးလွန်မိအောင်ရှောင်ကြဉ်ရမယ်ဆိုတဲ့အသိက စိုးမိုးနေလို့ပါပဲ။

ဘဝခရီးလမ်းဆိုတာက ဖြောင့်တန်းမနေဘူး။ အကွေ့အကောက်တွေရှိတယ်။ အတက်အဆင်းတွေရှိတယ်။ ပြေပြစ်ချောမွေ့မနေဘူး။ ကြမ်းတမ်းတဲ့အခက်အခဲတွေရှိတယ်။ ပိတ်ဆို့ကာဆီးဟန့်တားနေတဲ့ ဆူးငြောင့်ခလုတ်တံသင်းတွေရှိတယ်။ ဒါတွေကို ဘယ်သူမှရှောင်လွှဲလို့မရပါဘူး။ ဘယ်သူမဆိုတွေ့ကြုံကြရမှာပါ။ ရင်ဆိုင်ကျော်လွှားဖြတ်သန်းကြရမှာပါပဲ။ ဒီအခါမှာ နိုးကြားတက်ကြွဖို့လိုတယ်၊ ခွဲထက်သန်ဖို့လိုတယ်၊ စိတ်ဓာတ်ခိုင်မာဖို့လိုတယ်၊ လုံ့လဝီရိယရှိဖို့လိုတယ်၊ ဖြောင့်မတ်တည်ကြည်ဖို့လိုတယ်၊ ရဲရင့်တဲ့သတ္တိရှိဖို့လိုတယ်။ အဲဒီလိုအပ်ချက်တွေကိုတော့ စာပေတွေထဲမှာရှိနေတဲ့ ဝီရရသရဲ့အရသာကဖြည့်ဆည်းပေးနိုင်ပါတယ်။

မဖြစ်နိုင်လောက်ဘူးလို့ထင်ထားတာတွေက အံ့သြစရာကောင်းအောင်ဖြစ်လာတယ်။ အံ့သြစရာကောင်းအောင်ဖြစ်ပေါ်လာတာကိုမြင်ပြီး အားကျတဲ့စိတ်၊ ကြိုးစားချင်တဲ့စိတ်ဖြစ်ပေါ်လာတယ်။ အဲဒီစိတ်တွေဖြစ်ပေါ်လာအောင်လှုံ့ဆော်ပေးနေတာကတော့စာပေထဲမှာရှိနေတဲ့ အဗ္ဘုတရသပါပဲ။ စာပေထဲမှာရှိနေတဲ့အရသာတွေကိုနှစ်သက်မြတ်နိုးလာတာနဲ့အမျှ ကောင်းတာတွေကိုဆောင်ဖို့၊ မကောင်းတာတွေကိုရှောင်ဖို့၊ စိတ်ထားဖြူစင်ဖို့အသိတွေရရှိလာတာပေါ့။ အဲဒီအသိတွေကိုစာပေထဲကရရှိနိုင်ပါတယ်။

စာပေဆိုတဲ့ဝေါဟာရကို " အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင်ရေးဖွဲ့ထားသည့်စာ"လို့ မြန်မာအဘိဓာန်ထဲမှာ အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါတယ်။ ရသမြောက်အောင်ရေးဖွဲ့ထားတဲ့စာပေကို ရသစာပေလို့ခေါ်ဆိုပါတယ်။ ရသပေါ်အောင်ဖွဲ့နွဲ့ရေးသားထားတဲ့ကဗျာလင်္ကာ၊စကားပြေစတာတွေက ရသစာပေအမျိုးအစားထဲမှာပါတာပါ။သုတပွားအောင်ရေးဖွဲ့ထားတဲ့စာပေကိုတော့ သုတစာပေလို့အမည်တွင်ပါတယ်။ ဗဟုသုတဖြစ်ဖွယ်ရေးသားထားတဲ့စာတွေက သုတစာပေအမျိုးအစားထဲမှာပါတာပါပဲ။

သုတစာပေထဲမှာက နည်းပညာရပ်ဆိုင်ရာအတတ်ပညာတွေစုံနေတာပဲ။ ကိုယ်နှစ်သက်တဲ့နည်းပညာရပ်တွေကို ရှာဖွေစုဆောင်းလို့ရတယ်။ ရှာဖွေစုဆောင်းလို့ရတဲ့နည်းပညာရပ်ဆိုင်ရာအတတ်ပညာတွေက အသက်မွေးဝမ်းကျောင်းပြုလို့ရတယ်၊ ကြီးပွားတိုးတက်အောင်လုပ်ဆောင်နိုင်တယ်။ အဲဒါသုတစာပေတွေကိုဖတ်မှတ်ရာကနေရလာတဲ့အကျိုးကျေးဇူးတွေပါပဲ။ ရသစာပေအမျိုးအစားကိုပဲဖတ်ဖတ်၊ သုတစာပေအမျိုးအစားကိုပဲဖတ်ဖတ် ဖတ်တဲ့စာပေတွေကအကျိုးပြုတာချည်းပါပဲ။ ဖတ်တဲ့အခါမှာ ဖတ်ရုံနဲ့မပြီးဘူး။ ဖတ်သမျှကိုမှတ်ထားရမယ်။ ဖတ်ပြီးမှတ်ထားတာတွေကိုလည်းအသုံးချရဦးမှာပါ။

ရသစာပေကိုဖတ်ပြီးမှတ်တော့ "အသိပညာ" တွေ ကြွယ်ဝတိုးပွားလာတယ်။ သုတစာပေကိုဖတ်ပြီးမှတ်တော့ "အတတ်ပညာ" တွေ ကြွယ်ဝတိုးပွားလာတယ်။ ဖတ်ပြီးမှတ်ထားတဲ့ "အသိပညာ" တွေနဲ့ "အတတ်ပညာ"တွေကိုအလဟဿမဖြစ်စေရဘူး။ အဲဒါတွေက ဘဝတစ်သက်တာလုံးအတွက် အသုံးကျတယ်၊ အသုံးဝင်နေတယ်။ ဒါကြောင့် ဖတ်ရာမှတ်ရာကနေ ကြွယ်ဝတိုးပွားလာတဲ့ "အသိပညာ"နဲ့ "အတတ်ပညာ"တွေကိုအကျိုးရှိအောင် အသုံးချပေးရမယ်။ အသုံးမချရင်တော့အလဟဿဖြစ်သွားမှာပေါ့။ အသုံးချရင်တော့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး

**စာမျက်နှာ ၁၄ သို့ ➲**

# ပဲခူးမြို့၌ မဟာဗောဓိပရိဘောဂစေတီတော် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ



ပဲခူး မေ ၁၂

ပဲခူးမြို့နယ် အင်းတကော်မြို့ မဟာဗောဓိပင် စစ်ကိုင်းကျောင်းတိုက်အတွင်း၌ စိုက်ပျိုးပူဇော်တည်ရှိတော်မူသော မဟာဗောဓိပရိဘောဂစေတီတော် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မေလ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မဟာဗောဓိ ပရိဘောဂစေတီတော်မြတ်ကြီးအား ဆရာတော် ၃၆ ပါးဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နမောတဿသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားမှူးက ဥယျောဇနေဂါထာတော်အား ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်များက မဟာဗောဓိပရိဘောဂစေတီတော်မြတ်ကြီးအား ညောင်ရေသွန်းလောင်းပူဇော်ရာ ဝတ်အသင်းများက ဆုတောင်းပတ္ထနာသံပေါက်ကဗျာဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေ္တယျဓမ္မာဘိဝံသ ဆရာတော်အရှင်သူမြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာသည့် နာယကဆရာတော်ကြီးကိုးပါးအား အလှူရှင်မိသားစုမှ လှူဒါန်းသည့် လှူဖွယ်ဝတ္ထုပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပဲခူးမြို့နယ် အင်းတကော်မြို့ မဟာဗောဓိပင် စစ်ကိုင်းကျောင်းတိုက်အတွင်း၌ စိုက်ပျိုးပူဇော်တည်ရှိတော်မူသော မဟာဗောဓိပရိဘောဂစေတီတော် နှစ်(၁၀၀) ပြည့် ပူဇော်ပွဲ မင်္ဂလာအခမ်းအနား၌ ဒေသခံပြည်သူများအား စတုဒိသာထမင်း၊ ဟင်းနှင့် အအေးများ ကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

# ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေး

**လဲချား မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပန်တန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို မေလ ၁၂ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ငွေကျပ် ၂၇၄ သိန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာကော်မတီဝင်များက ပန်တန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ငွေကျပ် ၂၇၄ သိန်း ထုတ်ချေးပေးကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

## သဘာဝဘေး ကြိုတင်တွေးစို့

❖ မီး...
လျှပ်စစ်မီး ပေါ့ဆမီး
တောမီးရောက်၍ လာတတ်သည်။

❖ ရေ...
မိုးကြီးသည်းထန် ချောင်းရေလျှံ
အမြန်ရောက်၍ လာတတ်သည်။

❖ လေ...
မယုံတစ်ပိုင်း ယုံတစ်ပိုင်း
မုန်တိုင်းရောက်၍ လာတတ်သည်။

❖ ငလျင်...
မပြင်မဆင် လူမမြင်
ငလျင်ရောက်၍ လာတတ်သည်။

❖ မြေ...
တောင်အောက် တောင်ခြေ ခါတလေ
မြေတွေပြို၍ ကျတတ်သည်။

❖ သတိရှိစေ များဝေနေ
ရှာဖွေသိတရား။

❖ မီးနှင့်ရေ လေ ငလျင် မြေ
ဒါတွေသတိထား။

❖ အေးချမ်းပါစေ မြန်မာမြေ
ကမ္ဘာတည်စေသား။ ။

**မောင်ရေမွှေး(ပေလေးပင်)**

➲ စာမျက်နှာ ၁၃ မှအဆက်

ကြီးပွားချမ်းသာနေမှာဖြစ်သလို လူနေမှုအဆင့်အတန်းကလည်း ဖွံ့ဖြိုးပြီးတိုးတက်မြင့်မားနေမှာပါ။ လူနေမှုဘဝနဲ့ လူနေမှုအဆင့်အတန်းကို ကြီးပွားဖွံ့ဖြိုးပြီး တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်တဲ့သူတွေကတော့ လူကောင်းလူတော်၊ လူတော်လူကောင်းတွေပါပဲ။

ကိုယ့်ကိုယ်ကိုယ်လူကောင်းဖြစ်အောင်ကြိုးစားကြရမှာဖြစ်သလို လူတော်ဖြစ်အောင်လည်းကြိုးစားကြရမှာပါ။ ရသစာပေကိုဖတ်မှတ်လေ့လာဆည်းပူးရင် လူကောင်းဖြစ်လာနိုင်သလို သုတစာပေကိုဖတ်မှတ်လေ့လာဆည်းပူးရင် လူတော်ဖြစ်လာနိုင်ပါတယ်။ လူကောင်းဆိုတာက စိတ်ရင်းဖြူစင်တဲ့လူ၊ ဖြောင့်မတ်တည်ကြည်တဲ့လူ၊ ရိုးသားတဲ့လူကိုခေါ်တာ။ အဲဒီလူကောင်းတွေက သာယာငြိမ်းအေးအောင် ဆောင်နှင်းပေးနိုင်တယ်။ ဉာဏ်ရည်ထက်မြက်တဲ့လူ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိတဲ့လူ၊ အတွေးအခေါ်မြင့်မားတဲ့လူကိုတော့ လူတော်လို့ခေါ်တာပေါ့။ လူတော်လို့ခေါ်ရတဲ့ တော်တဲ့လူက ဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်ပေးနိုင်တယ်။ ကောင်းလည်းကောင်း၊ တော်လည်းတော်တဲ့ လူကောင်းလူတော်တွေကသာ သာယာငြိမ်းအေးဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ နှစ်မျိုးလုံးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးနိုင်တာပါ။ အဲဒီနှစ်မျိုးလုံးဖြစ်ပေါ်လာအောင် တစ်ပြိုင်နက်တည်း စွမ်းဆောင်ပေးနိုင်တဲ့လူကောင်းလူတော်၊ လူတော်လူကောင်းတွေကို "ပညာပြည့်ဝနှလုံးလှ" သူတွေလို့ ချီးမွမ်းဂုဏ်ယူထောမနာပြုကြတယ်။ "ပညာပြည့်ဝနှလုံးလှ" သူက အသိပညာနဲ့အတတ်ပညာနှစ်မျိုးလုံးကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်တယ်။ ဒါ့အပြင် စိတ်ရင်းကောင်းရှိပြီး စိတ်ထားဖြူစင်တယ်။ ရသစာပေနဲ့ သုတစာပေကိုဖတ်ရှုမှတ်သားနေရရှိလာတဲ့ "ပညာပြည့်ဝနှလုံးလှ" သူရဲ့အရည်အသွေးတွေပါပဲ။ ပညာပြည့်ဝနှလုံးလှတဲ့သူတွေကတော့ သီလနဲ့ပညာပြည့်ဝကြသူများလည်းပဲဖြစ်ပါတယ်။

လူတစ်ယောက်မှာမရှိမဖြစ်ရှိနေရမှာက "သီလ" နဲ့ "ပညာ"ပါ။ သီလလုံပြီး ပညာပြည့်စုံတဲ့လူက အမြတ်ဆုံးလူသားပါလို့ ဗုဒ္ဓရှင်တော်ဘုရားက "သောဏဒဏ္ဍသုတ္တန်တော်"ထဲမှာ မိန့်ဖော်မြွက်ကြားတော်မူခဲ့ပါတယ်။ အမြတ်ဆုံးလူသားဖြစ်ချင်ရင်တော့ သီလကိုလုံခြုံအောင်စောင့်ထိန်းဆောက်တည်ရမှာဖြစ်သလို ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ နည်းပညာအရပ်ရပ်ကိုကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်အောင် သင်ယူလေ့လာဆည်းပူးကြရမှာပဲဖြစ်ပါတယ်။ သင်ယူလေ့လာဆည်းပူးနည်းတွေကလည်း အများကြီးပါ။ စာပေဖတ်ရှုလေ့လာဆည်းပူးမှတ်သားတာကလည်း သင်ယူလေ့လာဆည်းပူးနည်းတစ်မျိုးပါပဲ။

လူတကာနှစ်မြို့သဘောကျတဲ့နှလုံးလှသူဖြစ်ရုံနဲ့တော့ ကောင်းကျိုးချမ်းသာမရနိုင်သေးပါဘူး။ မကြီးပွား၊ မတိုးတက်နိုင်သေးပါဘူး။ အသက်မွေးဝမ်းကျောင်းပြုလို့ရနိုင်တဲ့ အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်တတ်မြောက်ထားရဦးမှာပါ။ ကျွမ်းကျင်တတ်မြောက်ထားတဲ့ အသက်မွေးဝမ်းကျောင်းပညာနဲ့မိမိဘဝကိုတည်ဆောက်နိုင်ပါတယ်။ ကျွမ်းကျင်တတ်မြောက်ထားတဲ့အတတ်ပညာကိုအမှီသဟဲပြုပြီး အသက်မွေးဝမ်းကျောင်းပြုရင် ကောင်းကျိုးချမ်းသာရရှိလာမှာဖြစ်သလို ကြီးပွားတိုးတက်လာမှာလည်း အသေအချာပါပဲ။ အတတ်ပညာဟူသမျှက သေးငယ်တယ်၊ ကြီးမားတယ်လို့ပြောမရပါဘူး။ အမှန်တကယ်ကျွမ်းကျင်တတ်မြောက်ထားရင် ကောင်းကျိုးပြုတာချည်းပါပဲ။ ဒါပေမဲ့ ကောင်းတဲ့အတတ်ပညာဖြစ်ဖို့တော့လိုတာပေါ့။ ကောင်းတဲ့အတတ်ပညာကသာ ကောင်းတဲ့အသက်မွေးဝမ်းကျောင်းပြုနိုင်တာပါ။

ကောင်းတဲ့အတတ်ပညာလား၊ မကောင်းတဲ့အတတ်ပညာလားဆိုတာကိုတော့ ကိုယ်ကိုယ်တိုင်စဉ်းစားချင့်ချိန်ရမှာပါ။ စဉ်းစားချင့်ချိန်နိုင်ဖို့ကိုတော့ အသိပညာလိုပါတယ်။

"ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေ ရသောပညာ" ကို အသိပညာလို့ခေါ်ပါတယ်။ အဲဒီအသိပညာက အမှားနဲ့အမှန်၊ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုးကို ခွဲခွဲခြားခြား၊ ကွဲကွဲပြားပြား သိမြင်နိုင်စွမ်းရှိပါတယ်။ နာယူမှတ်သားလေ့လာခြင်း၊ ဖတ်ရှုမှတ်သားလေ့လာခြင်းကနေ အသိပညာကို ရယူနိုင်ပါတယ်။ အသိပညာကြွယ်ဝလာတာနဲ့အမျှ ကောင်းတဲ့အတတ်ပညာလား၊ မကောင်းတဲ့အတတ်ပညာလားဆိုတာကို သိမြင်နိုင်ပါတယ်။ ကောင်းတဲ့အတတ်ပညာကိုသင်ယူနိုင်ဖို့အတွက် အသိပညာကြွယ်ဝအောင်လေ့လာဆည်းပူးပြီးဖြည့်ဆည်းနေကြရမှာပါပဲ။ အသိပညာကြွယ်ဝပြီး ကောင်းတဲ့အတတ်ပညာကျွမ်းကျင်တတ်မြောက်တဲ့သူကို ပညာပြည့်ဝတဲ့သူလို့ခေါ်ပါတယ်။

နှလုံးသားဖြူစင်လှပနေလင့်ကစား ကောင်းကျိုးပြုနိုင်တဲ့အတတ်ပညာမတတ်မြောက်ရင် အသုံးမတည့်နိုင်ပါဘူး။ အလားတူပါပဲ။ အတတ်ပညာကို ကမ်းကုန်အောင်တတ်မြောက်ကျွမ်းကျင်နေလင့်ကစား နှလုံးသားကမဖြူစင်၊ မလှပရင်လည်း အသုံးမတည့်နိုင်ပါဘူး။ ဖြူစင်လှပတဲ့နှလုံးသားနဲ့အတူ ကျွမ်းကျင်တတ်မြောက်နေတဲ့ အတတ်ပညာက ဒွန်တွဲနေမှသာအသုံးတည့်ပါတယ်။ ပညာပြည့်ဝပြီး နှလုံးသားလှဖို့နဲ့ နှလုံးသားလှပြီးပညာပြည့်ဝဖို့က အရေးကြီးလွန်းလှပါတယ်။ "ပညာပြည့်ဝနှလုံးလှ" တဲ့သူတွေဖြစ်အောင် ကြိုးစားကြရပါမယ်။

ရသစာပေနဲ့သုတစာပေကိုဟန်ချက်ညီအောင် ဖတ်မှတ်လေ့လာဆည်းပူးထားတဲ့သူက "ပညာပြည့်ဝနှလုံးလှ"တဲ့သူတွေဖြစ်လာတာပါပဲ။ "ပညာပြည့်ဝနှလုံးလှ"တဲ့သူတွေကသာ မိမိအတွက်ရော အများတကာအတွက်ပါ ကောင်းကျိုးချမ်းသာရရှိအောင်၊ ကြီးပွားတိုးတက်အောင်ဆောင်ရွက်နိုင်ကြပါတယ်။ ပညာပြည့်ဝနှလုံးလှသူတွေဖြစ်ဖို့အတွက် ရသစာပေနဲ့သုတစာပေကို ဟန်ချက်ညီအောင် ဖတ်မှတ်လေ့လာဆည်းပူးကြရမှာပဲ မဟုတ်ပါလား။ ။

## မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ပြည်သူများအတွက် K-Pop အဖွဲ့မှ လှူဒါန်းသည့် အလှူငွေများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ စနစ်တကျလွှဲပြောင်းပေးပို့မည်




နေပြည်တော် မေ ၁၂

မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ကိုရီးယားအနုပညာရှင်များပါဝင်သည့် K-Pop အဖွဲ့က ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူငွေများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုရီးယားအနုပညာရှင်များ ပါဝင်သည့် K-Pop အဖွဲ့သည် မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် မေလ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်တာကျင်းပခဲ့သည့် ဈေးရောင်းပွဲတော်မှ ရောင်းချရငွေကျပ် ၈၅၃၇၀၀၀ ကို မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေး CST Myanmar ၏စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ အလှူငွေများလာရောက် လှူဒါန်းခြင်းဖြစ်ပြီး ယင်းအလှူငွေပေးအပ်ပွဲကို မင်္ဂလာခန်းမ၌ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် နေ့လယ် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့် အချိန်တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြသောပြည်သူများအတွက်ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက်ကိုရီးယားနိုင်ငံ CST (Myanmar) Co.,Ltd. မှ ဒါရိုက်တာ Mr. Cho Sung Woo က မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဈေးရောင်းပွဲတော်မှ နှစ်ရက်တာရောင်းချရငွေကျပ်စုစုပေါင်း ၈၅၃၇၀၀၀ ကို CST (Myanmar) Co.,Ltd. မှ CEO Ms. Kim Moon Hee နှင့် KK Media Co.,Ltd. မှ Director Mr.Jung Woo Chul တို့က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ငလျင်ဒဏ်သင့်ပြည်သူများကို လာရောက်လှူဒါန်းပေးသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား၊ ယခုဖြစ်ပွားခဲ့သော အင်အားပြင်းငလျင်ဘေးနှင့် ဆက်စပ်သည့်ငလျင်ဒဏ်သင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးအထူးတင်ကြောင်း ပြောကြားသည်။

၎င်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ဝန်းရံ

## ငလျင်ဘေးကြောင့် ထိခိုက်ခဲ့တဲ့ ပြည်သူလူထုရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ဈေးလျှော့ပြီး အလွယ်တကူဝယ်ယူလို့ရအောင် လာရောက်ရောင်းချပေးတာဖြစ်ပါတယ်

နေပြည်တော် မေ ၁၂

**ဒေါက်တာကေသီလွင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း)**

မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာဝယ်ယူနိုင်ရန်ရည်ရွယ်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ မေလ ၁၂ ရက်မှ ၁၈ ရက်အထိ ငလျင်ဘေးသင့်ပြည်သူများ လွတ်လပ်စွာဝယ်ယူနိုင်ရန်အတွက် UMFCCI၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေမှုနှင့်စပ်လျဉ်း၍ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-











**ဦးကျော်စိုး**
**Deputy Managing Director ၊**
**STEELKING COMPANY LIMITED**

ကျွန်တော်တို့ **STEEL KING** ကုမ္ပဏီအနေနဲ့ ဒီပြပွဲမှာ သံနဲ့ပတ်သက်ပြီးတော့ သံချောင်းတွေ၊ Hollow တွေ၊ H Beam တွေ၊ အဆောက်အအုံနဲ့ပတ်သက်တဲ့ပစ္စည်းတွေ၊ ငလျင်ဒဏ်ခံနိုင်တဲ့ မြေထိန်းတိုး Sheet pile ပစ္စည်းတွေနဲ့ သံတွေကို အဆင့်မြင့်ထုတ်လုပ်ရေးစက်နဲ့တကွ ကျွန်တော်တို့အနေနဲ့ ပြသရောင်းချပေးနေပါတယ်။

ပြပွဲရက်အတွင်း ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် အဆင်ပြေအောင် အထူးဈေးနှုန်းနဲ့ ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ အရောင်းပြခန်းမှာ ပစ္စည်းကုန်ကြမ်းတွေကို လေ့လာနိုင်သလို၊ ကုန်ကြမ်းထုတ်လုပ်ရေးနည်းပညာတွေကိုလည်း လေ့လာနိုင်တဲ့အတွက် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဒါ့အပြင် ငလျင်နဲ့ပတ်သက်ပြီး ရေရှည်မှာကာကွယ်နိုင်အောင် အဆင့်မြင့်နည်းပညာတွေ၊ စနစ်တကျသုံးစွဲနိုင်တဲ့ အင်ဂျင်နီယာစနစ်တွေကို ကျွန်တော်တို့ STEEL KING ကုမ္ပဏီပြခန်းမှာ လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဈေးနှုန်းအနေနဲ့လည်းပစ္စည်းအမျိုးအစား၊ အမယ်တွေအလိုက် ရာခိုင်နှုန်းအလိုက် လျှော့ဈေးရှိပါတယ်၊ လာရောက်ဝယ်ယူတဲ့ အချိန်ကျရင် KBZ Bank နဲ့ ချိတ်ဆက်ပြီး ငွေပေးချေလို့ရအောင် စီစဉ်ထားပါတယ်။ ငလျင်နဲ့ပတ်သက်ပြီး အရည်အသွေးပြည့်မီတဲ့ ဆောက်လုပ်ရေးစနစ်တွေ ဖြစ်စေချင်ပါတယ်။

**မစန်းသော်တာလတ်**
**အထွေထွေမန်နေဂျာ ၊ MAX CEMENT**

ပွဲတော်ရက်မှာ Max ဘိလပ်မြေကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ တစ်ရက်ကို အိတ်တစ်သောင်း ရောင်းချပေးသွားမှာဖြစ်ပါတယ်၊ လာရောက်ဝယ်ယူသူတွေ အဆင်ပြေစေဖို့ ငွေသွင်းပြီးတာနဲ့ပစ္စည်းကို တစ်ခါတည်း ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဈေးပွဲတော်ကာလအတွင်း စက်ရုံဈေးနှုန်းအတိုင်း တစ်အိတ်ကို ငွေကျပ် ၁၉၅၀၀ နှုန်းနဲ့ ရောင်းချပေးသွားမှာဖြစ်တဲ့အပြင် နေပြည်တော် Max Showroom မှာလည်း ဆက်တိုက်ရောင်းချပေးသွားမှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ ပြည်သူတွေ အဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ဖို့အတွက် ကျွန်မတို့ MAX CEMENT စက်ရုံကြီးအနေနဲ့ နေ့စဉ်ရောင်းချပေးသွားမှာဖြစ်ပါတယ်။

**ဦးမင်းသော်**
**ကံလှကွက်သစ်၊ ပုဗ္ဗသီရိမြို့နယ်**

MAX ကုမ္ပဏီက ဘိလပ်မြေလာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ရွှေကြာပင်မှာလည်း ဈေးနှုန်းချိုသာစွာနဲ့ရောင်းပေးတယ်။ ဒီပြပွဲမှာလည်း ရောင်းချနေတယ်ဆိုလို့ လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ပွဲတော်မှာ ဈေးနှုန်းသက်သာပြီး ဝယ်ယူရတာ အဆင်ပြေတဲ့အပြင် လူတစ်ဦး အိတ် ၂၀ အထိ ရောင်းချပေးပါတယ်။ လိုအပ်နေတဲ့ သံတွေကိုလည်း ဝယ်ယူဖို့ ရှိပါသေးတယ်။ ပြည်သူတွေကို အခုလို ဈေးနှုန်းချိုသာစွာရောင်းချပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

**ဒေါက်တာကေသီလွင်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း**

မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းအနေနဲ့ ပြခန်းပေါင်း ၂၆ ခန်း ပါဝင်ပြီးတော့ ကုမ္ပဏီ ၁၅ ခုပါဝင်ပြသပါတယ်။ သံနှင့်သံမဏိကုမ္ပဏီ ၁၄ ခု၊ Digital Payment Partner အနေနဲ့ KBZ Pay တို့က ပါဝင်ပြသထားပါတယ်။ ဈေးနှုန်းအနေနဲ့ Market Price ထက် Discount လျှော့ချပြီး ရောင်းချပေးပါတယ်။ အခု ဈေးပွဲတော် ရောင်းချရတဲ့ အဓိကရည်ရွယ်ချက်က ငလျင်ဘေးသင့်ဒေသခံပြည်သူတွေအတွက် အလွယ်တကူဆောက်လုပ်ရေးပစ္စည်းတွေ ရရှိနိုင်အောင်ပါ၊ ငလျင်ဘေးသင့်တဲ့အတွက် တည်ဆောက် ရေးလုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်ရမှာဖြစ်ပြီး လိုအပ်တဲ့ဆောက်လုပ်ရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းတွေကို တစ်နေရာတည်းမှာ တစုတစည်းတည်း ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူရရှိနိုင်အောင် ရောင်းချပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ Market Price ထက် ပစ္စည်းတိုင်းကို သက်သာအောင် လျှော့ပြီးရောင်းချပေးနေပါတယ်။

သံနဲ့ သံမဏိပစ္စည်းပြခန်းမှာဆိုရင် အဆောက်အအုံတစ်ခုလုံးအတွက် လိုအပ်တဲ့တည်ဆောက်ရေးပစ္စည်း အရွယ်အစားအစုံ၊ ပစ္စည်းမျိုးစုံကို ရောင်းချပေးလျက်ရှိပါတယ်။ အရည်အသွေးကိုလည်း Latest Certificate တွေနဲ့ ဆိုက်မှန်အောင်ရောင်းချပေးနေပါတယ်၊ ပြပွဲကို လာရောက်လေ့လာကြည့်ရှုကြပြီး လိုအပ်တဲ့တည်ဆောက်ရေးပစ္စည်းတွေဝယ်ယူကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ငလျင်ဘေးကြောင့် ထိခိုက်ခဲ့တဲ့ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ဈေးလျှော့ပြီး အလွယ်တကူဝယ်ယူလို့ရအောင်လာရောက်ရောင်းချပေးတာဖြစ်ပါတယ်။

**ဦးစိုးမိုးအောင်**
**အောင်သုခကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်**

ငလျင်ဒဏ်ကြောင့် အုတ်တံတိုင်းပြိုကျခဲ့တဲ့အတွက် ဘိလပ်မြေ လာရောက်ဝယ်ယူတာ ဖြစ်ပါတယ်။ ကြံ့နှစ်ကောင်ဘိလပ်မြေ အိတ် ၂၀ ဝယ်ယူခဲ့ပါတယ်။ လူတစ်ဦးကို အိတ် ၂၀ ရောင်းပေးတဲ့အပြင် ပြင်ပဈေးထက် အများကြီးသက်သာပါတယ်။ ကန့်သတ်ချက်တွေနဲ့ ရောင်းပေးတယ်ဆိုပေမယ့် ဝယ်ယူရတာအဆင်ပြေပါတယ်။ အခြားလိုအပ်တဲ့ လူတွေအတွက်လည်း အဆင်ပြေပါတယ်။ ဈေးရောင်းပွဲတော်ပြုလုပ်ပေးတဲ့အတွက် အကြီးအကဲနဲ့တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်။

အောင်အောင်
ဓာတ်ပုံ- ဖိုးပြည့်စုံ

# Container House များ နေရာချထားမည့် မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်နိုင်ရန် Container House များ နေရာချထားမည့်မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုနှင့်တည်ဆောက်ထားသည့် ယာယီအဆောင်များ၌ ဝန်ထမ်းများနေထိုင်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် ယာယီရှင်းလင်းဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ရှင်းလင်းတင်ပြသည်။



ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဝင် ကားပတ်လမ်းဘေး၌ ပေ ၂၀ ပတ်လည်ရှိ Prefabricated Office ၁၀ လုံး နေရာချထားရန်နှင့် ကားပါကင်ဘေးရှိ မြေကွက်လပ်၌ ပေ ၂၀ ပတ်လည်ရှိ Container House ၇ လုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေ Container House အလုံး ၅၀ စုစုပေါင်း ၅၇ လုံး နေရာချထားရန် အကွက်ချဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Container House များ နေရာချထားမည့် မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုနှင့်ရုံးမျက်နှာစာ မြက်ခင်းပြင်ရှိ ၂၁ ခန်းတွဲ ယာယီအဆောက်အအုံ၌ ဝန်ထမ်းများလက်ရှိနေရာချထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး က Prefabricated Office များနှင့် Container House များကို နေရာချထားရာတွင် မကြာမီရောက်ရှိလာတော့မည့် မိုးရာသီအတွက် စဉ်းစား၍ မြေသားအနေအထားကို သေချာစွာ တိုင်းတာဆောင်ရွက်ရန်၊ ဝန်ထမ်းများ စနစ်တကျနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် ရေ၊ မီး၊ မိလ္လာများလုံလောက်မှုရှိအောင် ဆောင်ရွက်ပေးရန်၊ ယာယီဘာရှာများ ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာမှုရှိစေရေးနှင့်ဝန်ထမ်းများ စနစ်တကျဖြင့် စည်းကမ်းတကျ နေထိုင်ကြစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။ မြဝတီ

# စက်မှုကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာနမှ စက်မှုသင်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်

နေပြည်တော် မေ ၁၂

စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်စက်မှုကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာနမှ စက်မှုသင်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများမှသင်ခန်းစာကိုအခြေခံကစပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်၍ စာသင်နှစ်အတွင်း မိမိဘဝအတွက်အချိန်ကို အကျိုးရှိစွာအသုံးချရမည်ဖြစ်ကြောင်း၊ စက်မှုအခြေခံကောင်းများမှစ၍ တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများအဆင့်မြှင့်ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွားကြရန်ပြောကြားသည်။






ဆက်လက်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကလုပ်ငန်းများတွင် အားထားရသည့် လူငယ်လူရွယ်များဖြစ်အောင်သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးမည့် ဘာသာရပ်များကို စိတ်ဝင်စားစွာ ကြိုးစားသင်ယူရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအရည်အသွေးများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်ရှိသည့် စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃)အား သင်တန်းသား ၁၄၀ နှင့် သင်တန်းသူ ၃၂ ဦး၊ စုစုပေါင်းသင်တန်းသား ၁၇၂ ဦးဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်း၌ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်နှင့် ကွန်ပျူတာဖြင့် ဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုဘာသာရပ်များကို စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# လျှော့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် Bangladesh Pharmaceutical Society in Myanmar မှ ဆေးဝါးများလှူဒါန်း

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လျှော့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Bangladesh Pharmaceutical Society in Myanmar မှ ဆေးဝါးများလှူဒါန်းပွဲကို ယနေ့တွင် အသင်းရန်ကုန်ရုံးခွဲတွင် ကျင်းပသည်။

ဦးစွာမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E.Dr. Md Monwar Hossain က Bangladesh Pharmaceutical Society in Myanmar မှ လှူဒါန်းသောငွေကျပ် ၁၅၀၀၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမျိုးညွန့်က လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်းသိရသည်။ မြဝတီ



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၁၂

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

## ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများစတင်ရောင်းချ

# ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများရောင်းချပွဲတွင် သက်သာသောဈေးနှုန်းဖြင့်ဝယ်ယူနိုင်

နေပြည်တော် မေ ၁၂

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ်ကို မေလ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ကျင်းပလျက်ရှိရာ ယနေ့တွင် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဦးသန်းထွန်းဦးတို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်းနှင့် တာဝန်ရှိသူများသည် “FROM REPAIR TO PREPARE- ပျက်၍ ပြင်ဆင်ခြင်းမှသည် ကြိုတင်ပြင်ဆင်ခြင်းဆီသို့” ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဟောပြောပွဲသို့တက်ရောက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းဥက္ကဋ္ဌ ဒေါက်တာကေသီလွင်၊ Alpha Power Engineering Co., Ltd. ၏ Founder and Managing Director ဦးသက်စံ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဌာနမှူး(ငြိမ်း)ဒေါ်ခင်မငွေးတို့၏ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ထပ်မံဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။

ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးပွဲတွင် ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခုဖြင့်ပြသရောင်းချပေးသွားမည်ဖြစ်ရာ သက်သာသောဈေးနှုန်းဖြင့် လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဦးဇေယျာလင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတာဝန်ရှိသူများ၊မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံသံနှင့်သံမဏိ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံ၊ သံမဏိ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။




မြဝတီ

# ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၂

မန္တလေးငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ(၁)၊ နေပြည်တော် မသန်စွမ်းသူများအသင်း ဥက္ကဋ္ဌနှင့် မသန်စွမ်းသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မသန်စွမ်းသူ ၁၁၆၇ ဦး ငလျင်ဘေးခံစားခဲ့ရသည်ကို သိရှိရကြောင်း၊ သဘာဝဘေးကြုံတွေ့ချိန်တွင် မသန်စွမ်းသူများသည် ပိုမိုထိခိုက်လွယ်သည့် အခြေအနေရှိသူများဖြစ်သောကြောင့် ၎င်းတို့၏ လတ်တလောသက်သာချောင်ချိရေး တစ်စိတ်တစ်ပိုင်းအထောက်အပံ့ဖြစ်စေရန်အတွက် ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများကို အထူးအခြေအနေတစ်ရပ်အဖြစ် ထောက်ပံ့ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေဆပ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး မသန်စွမ်းမှုအမျိုးအစားအလိုက် ဘေးအန္တရာယ်မဖြစ်ပွားမီ၊ ဘေးအန္တရာယ်ဖြစ်ပွားစဉ်နှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ရင်ဆိုင်ကြုံတွေ့ရမည့် ကိစ္စရပ်များတွင် ကြိုတင်ပြင်ဆင်နိုင်ရန်၊ ထိရောက်စွာတုံ့ပြန်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးတို့အတွက် “မသန်စွမ်းသူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးစံလုပ်ငန်းစဉ်”ကို ပြုစုရေးဆွဲလျက်ရှိကြောင်းနှင့် သဘာဝဘေးကြုံတွေ့လာပါက ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် မသန်စွမ်းသူများ ပူးပေါင်းပါဝင်နိုင်မည့်အခြေအနေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းကိုယ်စားလှယ်များကို ထောက်ပံ့ကြေးများ ပေးအပ်ပြီး ငလျင်ဒဏ်ခံစားခဲ့ရသည့် ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မသန်စွမ်းသူများအတွက်လည်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“နိုင်ငံရေးဆိုတဲ့ခေါင်းစဉ်အောက်မှာ ထိုးကျွေးခံ PDF လူငယ်တွေရဲ့ဘဝ”** ခေါင်းစဉ်ဖြင့် ၁၄-၅-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စားပြဆန်ဆန် ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသောခရီးသွားပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ထူးခြားသည့်နေ့အပူချိန်များ

၁၂-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဖောင်းတူ | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Pyapon Township supplies 65,000 baskets of Shwethweyin paddy to Yangon



PYAPON May 12

Daw Swe Swe, a rice trading business owner from Pyapon Township, stated that over 65,000 baskets of Shwethweyin paddy were transported and sold to the Yangon market from Pyapon Township.

Over 65,000 baskets of Shwethweyin paddy were transported and sold to Yangon. It was noted that this variety belongs to the non-premium rice category.

"Over the past month, a large quantity of Shwethweyin paddy has been transported and sold from Pyapon Township to the Yangon market. Pyapon supplies most of its agricultural products to Yangon.

Shwethweyin paddy falls under the non-premium rice category, and its demand from Yangon has been increasing, leading to a rise in transportation. Yangon traders are also making further purchase arrangements for this variety this month.

Compared to other rice varieties, the sales and trading of Shwethweyin paddy have been more active recently. The rice is being transported via both road and waterways as per convenience," said Daw Swe Swe.

In July, the selling price of Shwethweyin paddy transported from Pyapon to Yangon reached up to Ks-17.5 million per 100 baskets. Due to the strong demand for this variety, farmers, traders, cargo handlers, and truck rental businesses have been benefiting from increased employment opportunities. **SMK**

## Myinmu Township harvests over 17,000 acres of winter sunflowers

MYINMU May 12

A total of 17,203 acres of sunflowers planted during the winter crops planting season have been harvested in Myinmu Township, Sagaing Region, according to the statistics of the Department of Agriculture for Sagaing District.

In Myinmu Township, 17,203 acres of sunflowers were planted during the winter crops planting season, and the sunflower fields that were planted have been harvested since January this year. So far, 100 percent of the acres have been harvested, yielding 26.95 baskets per acre.

"In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil crop," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

In Myinmu Township, the township agriculture department has intensified educational training to expand sunflower cultivation, and has provided training to improve the performance of staff and sunflower farmers. **SK**

## Bogale Township supplies some 75,000 visses of feather back fish to Yangon market

BOGALE May 12

"Local merchants of Bogale Township in Ayeyawady Region sold a large volume of feather back fish to Yangon market," said Daw Zaw Zaw, the fishery product trader in Bogale township.

They sold 75,000 visses of feather back fish to Yangon market .

Daw Htay Htay said: "The demand from Yangon market has been higher to purchase the fish from Bogale Township since the first week of January. In February, they sold 75,000 visses of feather back fish to Yangon. They sold quality fish to the market. As the volume of fish is larger, the individuals in production chain are convenient in their livelihoods."

Feather back fish fetched Ks-15,500 to Ks-22,000 per visses in Yangon market. Thanks to high demand from Yangon market, local fishermen, businesspersons and any others in production industry can earn increased incomes. **SMK**



## Farmers harvest more than 7,000 acres of maize and sweet corns in Taze Township

TAZE May 12

According to records from the Department of Agriculture in YeU District, a total of 7,414 acres of maize and sweet corn have already been harvested in Taze Township of Sagaing Region during this cold season planting period.

During this cold season in Taze Township, a total of 7,414 acres of seed maize and sweet corn were cultivated. Harvesting began in January this year, and to date, 4,288 acres of seed maize have been harvested, yielding an average of 50.25 baskets per acre. Meanwhile, 3,126 acres of sweet corn have produced over 13,000 corn cobs per acre.

"The cold season crops in Taze Township included 7,414 acres of seed maize and sweet corn. All of these crops have now been fully harvested. In order to ensure the success of the maize cultivation, we conducted educational campaigns and implemented pest and disease prevention measures," said U Zaw Myint Tun, Head of YeU District Agriculture Department.

For the farmers cultivating seed maize and sweet corn in Taze Township, the township's agriculture department provided training sessions, organized field demonstrations, implemented preventive measures against fall armyworms, and promoted integrated pest management methods. These included the use of neem-based pesticides and natural remedies such as ginger and chili to control pests and improve cultivation practices.

It is noted that the average yield of seed maize is over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre.

For sweet corn, the yield is approximately 15,000 corn cobs per acre, with the cultivation cost exceeding Ks-500,000 per acre. **SMK**

# More than 8,000 acres of kidney bean harvested in Homalin Township

HOMALIN May 12

Local farmers have harvested 8,024 acres of kidney bean planted in cold season in Homalin Township of Sagaing Region, according to the statistics of Homalin Township Agriculture Department.

They harvested cent per cent sown acreage of kidney bean in Homalin Township from January this year, yielding 19.66 baskets per acre.

"In Homalin Township, during the winter crop season, a total of 8,024 acres have been cultivated under kidney beans. Currently, all of those kidney bean fields have been fully harvested. In order to achieve good crop yields and high quality, collaboration was carried out with farmers by providing high-quality and pure seeds, necessary inputs, and post-harvest technical support," said Daw Su Su Htwe, Head of the Homalin Township Agriculture Department.

It is also reported that the Agriculture Department in Homalin Township has been conducting educational programs for farmers growing kidney beans, focusing on expanding cultivated acreage, improving yield, adopting GAP (Good Agricultural Practices) methods, planting high-quality and pure seeds, and cultivating high-yielding varieties.

Crops grown using GAP methods are of higher quality compared to those grown by other methods. They can fetch better prices and are eligible not only for the domestic market but also for export. As a result of the improved quality, farmers who adopt GAP methods can enjoy better economic benefits.

**SK**

# Myanmar exports over two million tons of maize to the foreign trade partners

YANGON May 12

According to the Myanmar Corn Industrial Association, Myanmar has exported over two million tons of maize to foreign trade partners so far in the 2024- 2025 financial year.

Thailand is the top importer of Myanmar's maize, which is also exported to China, India, the Philippines and Bangladesh.

At present, Myanmar's maize is flowing into Thailand under a zero-tariff benefit. Thailand gives the green light for maize imports under zero tariff (with Form-D), between 1 February and 31 August. However, Thailand imposes a maximum tax rate of 73 percent on maize imports to protect the rights of their growers if the maize is imported during the maize season of Thailand.

Additionally, China has been purchasing Myanmar's maize through cross-border trade under the alternative development program. Legitimate maize trade between Myanmar and China commenced at the end of 2022. A total of 112 Myanmar companies have been permitted for maize exports. Myanmar ships over two million tons of maize to foreign trade partners yearly. The maize is cultivated in Shan, Kachin, Kayah and Kayin states and Mandalay, Sagaing and Magway regions. Myanmar has three maize seasons – winter, summer, and monsoon. Myanmar's annual maize output is estimated at 2.5-3 million tons.

**SK**

# Farmers in Wetlet Township harvest more than 4,000 acres of sunflower



WETLET May 12

Statistics of Wetlet Township Department of Agriculture stated that the sunflower crops planted during the winter growing season have been fully harvested, covering a total of 4,440 acres in Wetlet Township of Shwebo District, Sagaing Region.

During the winter growing season, sunflower crops were cultivated on 4,440 acres in Wetlet Township. The harvesting process began in January this year, and as of today, 100 percent of the cultivated area has been harvested, yielding an average of 27.89 baskets per acre.

Daw Kyin San, the head of the Wetlet Township Department of Agriculture, disclosed: "The total sunflower cultivation area in Wetlet Township during the winter growing season reached 4,440 acres. At present, the entire cultivated area has been fully harvested. The cultivated area exceeded initial projections. Sunflowers are being promoted to reduce the import of palm oil from foreign countries, as sunflowers produce more oil per acre compared to other oil crops like peanuts and sesame. Farmers prioritize sunflower cultivation in the winter rather than the monsoon season."

To expand sunflower cultivation in Wetlet Township, the Department of Agriculture raised farmer awareness for enhancement of capacity of local farmers and agricultural staff so as to grow sunflower successfully. **SK**

# Budalin Township finishes harvest of more than 3,000 acres of onions



BUDALIN May 12

According to records from the Budalin Township Agriculture Department in Sagaing Region, the onion harvest from the 3,360 acres planted during the winter crop season has been fully completed.

During the winter planting season, farmers in Budalin Township cultivated onions across 3,360 acres. The harvest began in January this year, and as of today, all acres have been fully harvested, yielding an average of 5,171.26 viss per acre.

"The total onion cultivation in Budalin Township reached 3,360 acres this winter season, and the entire crop has now been harvested. Currently, we are even able to cultivate beyond the planned acreage. Moreover, efforts were made to ensure favourable market prices for onions," said U Phyo Wai, Head of the Budalin Township Agriculture Department.

The Budalin Township Agriculture Department has been working to connect onion farmers with markets to secure better prices, providing technology to improve onion storage, encouraging cultivation using GAP (Good Agricultural Practices) methods, and enhancing the quality of the onions.

**SK**

# Myanmar prepares to export Seintalone mangoes to the Russian market

YANGON May 12

Local companies in Myanmar are now preparing to export Seintalone mangoes to the Russian market by sourcing high-quality produce directly from mango farms, according to U Kyaw Soe Naing, Secretary of the Myanmar Mango Market and Technology Development Association.

He explained that starting this year, the Russia-Myanmar Business Council and its member companies will begin purchasing both fresh and dried mangoes from Myanmar. Companies intending to export to Russia are encouraged to contact the Ministry of Investment and Foreign Economic Relations for necessary arrangements.

"This year, Russia is in a position to purchase as many fresh and dried mangoes from Myanmar as it can receive. This is essentially a new export market. Exporters and companies are now inspecting farms to secure quality mangoes. They are assessing which farms produce good quality, which do not, the best harvest times and the number of mangoes they can buy. Based on these findings, purchase orders will be placed. From what I know, around three companies are currently preparing to export mangoes to Russia," he said. **SMK**

# Over 150 countries invited to Moscow for meeting organized by Russian Security Council



MOSCOW May 12

More than 150 countries and over 20 international organizations have been invited to the 13th international meeting of high representatives in charge of security issues, which will be held in Moscow from May 27-29 under the chairmanship of Russian Security Council Secretary Sergei Shoigu, the council said.

"Invitations to participate in the forum have been sent to more than 150 states of the Global South and East, the CIS, CSTO, EAEU, SCO countries, as well as to the leadership of more than 20 international organizations. The agenda of the 13th forum includes issues of international cooperation in the field of security," the statement says.

The Russian Security Council has been organizing an annual international meeting of high representatives responsible for security issues since 2010. The forum is an important international platform for exchanging opinions on all issues related to global security and mechanisms for strengthening cooperation between partner countries in the fight against international terrorism, extremism, transnational crime, drug trafficking, as well as new challenges and threats. **Sputnik**

# Police investigating fire at British PM's home in London




LONDON May 12

Police were investigating the cause of a fire that broke out at British Prime Minister Keir Starmer's home in north London in the early hours of Monday morning.

The fire was reported shortly after 1:30 a.m. (0030 GMT) on Monday. The door to the property was damaged, but nobody was hurt, according to the police.

Though the fire was put out within half an hour, cordons remain in place as an investigation is underway. Starmer's property, which is currently being rented, has repeatedly been targeted by protesters, according to local media. **Xinhua**

# China supports proposed talks between Russia and Ukraine

BEIJING May 12

Beijing has voiced support for renewed peace talks between Russia and Ukraine. The statement follows a proposal by Russian President Vladimir Putin for negotiations to begin as early as Thursday, and an offer from Ukraine's Vladimir Zelensky to appear in person at the negotiations.

Putin on Sunday urged Kiev to resume talks suspended in 2022, stating that discussions could take place in Türkiye, which Ankara has reportedly agreed to host.

Chinese Foreign Ministry spokesman Lin Jian said on Monday that China supports "all efforts dedicated to peace" and hopes both sides can reach a "fair, lasting, binding peace agreement acceptable to all parties" through negotiation.

Lin added that Beijing has consistently called for a peaceful resolution to the conflict and would continue to play "a constructive role in defusing the crisis."

Ukraine and the European NATO members that make up the 'coalition of the willing' have demanded that Russia agree to a 30-day truce before any direct negotiations take place.

US President Donald Trump, however, has called for Russia-Ukraine negotiations to start as soon as possible, arguing that Washington has done its part in creating the conditions for diplomacy. Moscow has expressed concern that Kiev would use a ceasefire to reconstitute its military forces before renewing hostilities.

Ukraine's Vladimir Zelensky, who banned direct negotiations with Russia in 2022 as long as Putin remains in office, said on Sunday that he is willing to meet with the Russian leader in Istanbul if his conditions – including a 30-day truce – are met. Axios subsequently cited a senior Ukrainian official who said Zelensky will be present in Türkiye on Thursday even if Russia does not announce a ceasefire on Monday, as Kiev has demanded. **RT**

# At least 14 killed by lightning strikes, fallen trees in Bangladesh

DHAKA May 12

At least 14 people were killed by lightning strikes and fallen trees in various parts of Bangladesh on Sunday during a thunderstorm.

Most of the people who died were working on farms during the tropical storm on Sunday afternoon in six districts of Bangladesh, local sources said.

They said two of the victims have been crushed and died after trees fell on them following the gust in two separate places in Mymensingh district, some 122 km north of Dhaka, on Sunday.

According to the sources, five deaths were reported in different areas of Brahmanbaria District, four in Kishoreganj District and one each in Sherpur, Habiganj and Naogaon districts.

A government official in Dhaka could not immediately confirm the toll. Death due to lightning strikes is common in Bangladesh during this time of the year, as the weather changes from the dry season to the rainy summer season.

A series of lightning strikes in Bangladesh killed nine people in less than two hours on April 24 this year. **Xinhua**

# 13 killed in Indonesian army ammunition disposal blast



JAKARTA May 12

At least 13 people were killed when the Indonesian army destroyed expired ammunition in West Java Province on Monday, a military officer said.

The incident occurred at 09:30 a.m. Jakarta time in Sagara village, Garut Regency. The victims included four soldiers and nine residents, said Brigadier General Wahyu Yudhayana, spokesperson for the Indonesian Army.

"Four personnel of the Indonesian Army and nine members of the community were killed," he told a press conference.

"The detonations in two holes were successfully conducted. However, when the team was preparing detonators in the third hole, an unexpected explosion occurred, killing four soldiers and nine residents," he explained.

Yudhayana noted that the army team had previously inspected all equipment and confirmed they were in safe condition. Additionally, the site had been routinely used for disposing of expired ammunition.

All victims were taken to Pameungpeuk General Hospital, the spokesman said.

An investigation will be conducted to determine the cause of the fatal incident, Yudhayana added. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 25 **when I do** and **when I've done** **if** and **when**

### Exercises

**25.4 Put in when or if.**

1 Don't worry **if** I'm late tonight.
2 Be careful. You'll hurt yourself ...........................you fall.
3 I'm going shopping. ...........................you want anything, I can get it for you.
4 I'm going away for a few days. I'll call you........................... I get back.
5 ...........................I don't see you tomorrow, when will I see you again?
6 I'm watching a programme on TV right now. ...........................it finishes, I'm going to bed.
7 We can eat at home or, ...........................you prefer, we can go to a restaurant.
8 I hope Sarah can come to the party. It will be a shame ...........................she can't come.

## Unit 26 **can, could** and **(be) able to**

**A** We use **can** to say that something is possible or allowed, or that somebody has the ability to do something. We use **can** + infinitive **(can do / can see etc.)**:

- We **can see** the lake from our hotel.
- 'I don't have a pen.' 'You **can use** mine.'
- **Can** you **speak** any foreign languages?
- I **can come** and see you tomorrow if you like.
- The word 'dream' **can be** a noun or a verb.

The negative is **can't** (= **cannot**):

- I'm afraid **I can't come** to the party on Friday.

**B** You can say that somebody **is able to** do something, but **can** is more usual:

- We **are able to see** the lake from our hotel.

But **can** has only two forms: **can** (present) and **could** (past). So sometimes it is necessary to use **(be) able to**. Compare:

- I **can't** sleep.
- Tom **can** come tomorrow.
- Maria **can** speak French, Spanish and English.

- I **haven't been able to** sleep recently.
- Tom **might be able to** come tomorrow.
- Applicants for the job **must be able to** speak two foreign languages.

**C** Sometimes **could** is the past of **can**. We use **could** especially with:

**see hear smell taste feel remember understand**

- We had a lovely room in the hotel. We **could see** the lake.
- As soon as I walked into the room, I **could smell** gas.
- I was sitting at the back of the theatre and **couldn't hear** very well.

We also use **could** to say that somebody had the ability to do something, or was allowed to do something:

- My grandfather **could speak** five languages.
- We were totally free. We **could do** what we wanted. (= we were allowed to do)

**Raymond Murphy**

## HEALTH

### ဆေးယဉ်ပါးဗက်တီးရီးယားပေါက်ပွားမှုကို အားပေးနေတဲ့ အဝတ်လျှော်စက်များ

အဝတ်လျှော်စက်တွေမှာပါဝင်တဲ့ ဇီဝဖလင်ပြားတွေမှာ ရောဂါဖြစ်ပွားစေတဲ့ ပစ္စည်းများနဲ့ ဆေးယဉ်ပါးမှုကိုဖြစ်ပေါ်စေနိုင်တဲ့ မျိုးရိုးဗီဇများပါဝင်နေတယ်လို့ သုတေသနတစ်ခုမှာ ပညာရှင်များကဖော်ပြထားပါတယ်။ ဒီအချက်ဟာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ယူနီဖောင်းတွေကို နေအိမ်မှာလျှော်ခြင်းက အန္တရာယ်များနိုင်တယ်ဆိုတဲ့အချက်ကို ဖော်ပြနေတာဖြစ်ပါတယ်။

အကြောင်းရင်းကတော့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ယူနီဖောင်းတွေကို နေအိမ်မှာရှိတဲ့ အဝတ်လျှော်စက်တွေမှာ လျှော်ခြင်းက ဆေးရုံအတွင်းဆေးယဉ်ပါးကူးစက်မှုတွေကိုပိုမိုပျံ့နှံ့စေဖို့ ကူညီပေးတဲ့အတွက်ဖြစ်ပါတယ်။ အခုသုတေသနကို မွန့်ဖို့တက္ကသိုလ်မှ သုတေသနပညာရှင် ကေတီလာ့ကဦးဆောင်ပြုလုပ်ထားတာပါ။

ဆေးရုံနဲ့ဆက်စပ်နေတဲ့ ကူးစက်ရောဂါတွေဖြစ်ပွားမှုဟာ ယနေ့အချိန်အခါမှာ ပြည်သူ့ကျန်းမာရေးအတွက် တကယ့်ကိုစိုးရိမ်ရတဲ့အခြေအနေတစ်ရပ်အဖြစ် ပေါ်ထွန်းလာနေတာတွေ့ရပါတယ်။

ဒါကြောင့်ပဲ သုတေသနပညာရှင်များက ဒီလိုမျိုးဖြစ်ပေါ်နေရတဲ့အကြောင်းရင်းကိုရှာဖွေရင်း အခုလိုတွေ့ရှိချက်ကိုဖော်ထုတ်နိုင်တာဖြစ်တယ်လို့ PLOS One ဂျာနယ်ကဖော်ပြထားပါတယ်။ **Ref: STD**

**K.H**



### အမြဲတမ်းသွေးတိုးနေသူများကို ကုသပေးနိုင်မယ့် နည်းလမ်းအသစ်တွေ့ရှိ

သိပ္ပံပညာရှင်များက အမြဲတမ်းသွေးတိုးနေသူများကို ၁၅ ပွိုင့်လောက်အထိ သွေးပေါင်ကျအောင် ကုသပေးနိုင်မယ့် နည်းလမ်းအသစ်တစ်ခုကို တွေ့ရှိထားတယ်လို့သိရပါတယ်။

အခုတွေ့ရှိထားတဲ့နည်းလမ်းက ထိန်းချုပ်လို့မရလောက်အောင် သွေးတိုးနေတဲ့သူတွေ ဒါမှမဟုတ် သွေးတိုးရောဂါကုထုံးကိုခံနိုင်ရည်ရှိသွားသူတွေအတွက် အဓိကထားတာဖြစ်တယ်လို့ဆိုပါတယ်။ သူတို့စမ်းသပ်နေတဲ့ကုသနည်းအတွက်ဆေးတစ်မျိုးကတော့ lorundrostat ဖြစ်ပြီး မကြာသေးခင်ကလုပ်ဆောင်တဲ့ လက်တွေ့စမ်းသပ်မှုမှာ ရလဒ်ကောင်းတွေကို ရရှိထားတာဖြစ်ပါတယ်။

ဒီလိုမျိုးရလဒ်ကောင်းနဲ့စမ်းသပ်ချက်ကိုရရှိစေဖို့အတွက် အမေရိကန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဆေးပေးခန်းများမှ သုတေသနမှာပါဝင်သူ ၂၈၅ ဦးက ကူညီပေးခဲ့တာပါ။

အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနရဲ့ထုတ်ပြန်ချက်အရဆိုရင် လက်ရှိအမေရိကန်နိုင်ငံတစ်ဝန်းရှိ လူပေါင်းသန်း ၁၂၀ လောက်က သွေးတိုးရောဂါဖြစ်ပွားနေပါတယ်။ **Ref: STD**

**K.H**



## INNOVATION

### ၁၀ နှစ်ကြာအသံမထွက်နိုင်တဲ့ မသန်စွမ်းဖခင်တစ်ဦးက သမီးအတွက်သီချင်းကို AI ကြောင့် ရေးသားနိုင်





ဒန်နီယယ်လာလာရာဆိုသူဟာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က အလွန်ရှားပါးတဲ့ ကြွက်သားပျော့ပြီး ခန္ဓာကိုယ်မသန်စွမ်းရောဂါကိုခံစားလာရသူပါ။ သူ့မှာလည်း သူ့လိုရောဂါခံစားနေရတဲ့ သမီးလေးတစ်ဦးရှိပါတယ်။ သူက သူ့သမီးလေးအတွက် သီချင်းတစ်ပုဒ်ကိုအမြဲတမ်းစိတ်ကူးနဲ့ ရေးသားခဲ့ရတာပါ။ ဒါပေမဲ့ အရာမထင်ခဲ့ပါဘူး။

အခုတော့ စိတ်ပညာရှင်ဒါမီယံဟောင်းဝ့ါက AI ရဲ့အကူအညီကိုရယူပြီး လာလာရာရဲ့စိတ်ကူးထဲကသီချင်းကို သံစဉ်အဖြစ်ပြောင်းလဲပေးနိုင်ခဲ့တာပါ။ ဒါမီယံဟောင်းဝ့ါက လာလာရာဆီကနေအမူအရာနဲ့ပေးတဲ့ အကြောင်းအရာတွေကို AI မှာထည့်ပြီး စာသားနဲ့သံစဉ်တွေကိုဖော်ကျူးနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးထွက်ပေါ်လာတဲ့ရလဒ်ကတော့ သူ့ရဲ့သမီးလေးအတွက် ၃ မိနစ်ခွဲကြာတဲ့သီချင်းတစ်ပုဒ်ပဲဖြစ်ပါတယ်။ **Ref: IE**

**K.H**

### Huawei နဲ့ UBTech တို့ပူးပေါင်းမှုမှ လူတူစက်ရုပ်များထွက်လာမည်




တရုတ်နိုင်ငံ ရှန်ဇန်းမြို့မှာအခြေစိုက်တဲ့ Huawei နည်းပညာကုမ္ပဏီက UBTech ဆိုတဲ့ စက်ရုပ်နည်းပညာကုမ္ပဏီနဲ့လက်တွဲပြီး စက်ရုံများ၊ နေအိမ်များအတွက် လူတူစက်ရုပ်များကို ဖန်တီးထုတ်လုပ်သွားဖို့ရှိတယ်လို့ဆိုပါတယ်။

သူတို့အနေနဲ့ အခုလိုမျိုးပူးပေါင်းပြီး လက်တွဲသွားရတဲ့အကြောင်းပြချက်တစ်ခုကတော့ လူတူစက်ရုပ်တွေကို ဓာတ်ခွဲခန်းမှာစမ်းသပ်ဆဲအဆင့်မှသည် စက်ရုံ၊ အလုပ်ရုံတွေ၊ နေအိမ်တွေမှာ တွင်ကျယ်စွာအသုံးပြုနိုင်တဲ့ လူတူစက်ရုပ်တွေအထိ ဖြစ်လာဖို့ကို ရည်မှန်းလုပ်ဆောင်ခြင်းဖြစ်တယ်လို့ဆိုပါတယ်။

သူတို့ကုမ္ပဏီနှစ်ခုက လူတူစက်ရုပ်များကိုအဓိကထားထုတ်လုပ်မယ့်စမတ်စက်ရုံများကိုတည်ဆောက်သွားဖို့စီစဉ်ထားပါတယ်။ အဲဒီကုမ္ပဏီနှစ်ခုရဲ့သဘောတူညီချက်အရဆိုရင် ခန္ဓာကိုယ်အတွင်းမှတ်ဉာဏ်လုပ်ငန်းစဉ်တွေကိုလုပ်ဆောင်တဲ့ အသိဉာဏ်တုပုံစံတစ်မျိုးအတွက် တီထွင်ဆန်းသစ်မှုစင်တာကိုလည်း တည်ဆောက်သွားမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

### တရုတ်သိပ္ပံပညာရှင်များဖန်တီးလိုက်တဲ့ သမုဒ္ဒရာသဏ္ဌာန်တူစနစ်



တရုတ်သိပ္ပံပညာရှင်များက ကမ္ဘာပေါ်မှာအဆင့်မြင့်ဆုံးသော သမုဒ္ဒရာသဏ္ဌာန်တူစနစ်ကိုဖန်တီးလိုက်ပြီး သူ့ရဲ့ကြည်လင်ပြတ်သားမှုက ၁ ကီလိုမီတာအထိကို မြင်တွေ့နိုင်စွမ်းရှိပါတယ်။

အခုဖန်တီးထားတဲ့စနစ်ကို LICOMK++ လို့အမည်ပေးထားပြီး သမုဒ္ဒရာများအနေနဲ့ ဘယ်လိုမျိုးပြုမူတယ်၊ ရာသီဥတုစနစ်များနဲ့ ဘယ်လိုမျိုးအပြန်အလှန်တုံ့ပြန်မှုရှိတယ်ဆိုတာတွေကို ဘယ်သူနဲ့မှမယှဉ်သာအောင် စံပြုပုံစံထုတ်ပေးနိုင်စွမ်းရှိပါတယ်။

ဒါ့အပြင် အဲဒီသမုဒ္ဒရာသဏ္ဌာန်တူစနစ်က သမုဒ္ဒရာအတွက်အနုကြည့်မှန်ပြောင်းနဲ့ပင်တူနေသေးတယ်လို့ ပညာရှင်များက တင်စားပြောဆိုထားကြပါတယ်။ ဒီလိုဖန်တီးနိုင်မှုကြောင့် သဘာဝဘေးများကို ပိုမိုကြိုတင်ခန့်မှန်းလာနိုင်မှာပါ။ **Ref: IE**

**K.H**

# အမေရိကန်နှင့်တရုတ်တို့က ကုန်သွယ်ခွန်များတိုးမြှင့်မှုကို ယာယီရပ်ဆိုင်းရန်သဘောတူညီချက်ရ

**ဂျီနီဗာ၊ စီးပွားရေး**

အမေရိကန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ အဆင့်မြင့်တာဝန်ရှိသူများက ၎င်းတို့နှစ်နိုင်ငံကြားဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် တစ်နိုင်ငံကတစ်နိုင်ငံအပေါ် ချမှတ်ထားသည့် သွင်းကုန်စည်းကြပ်အခွန်များတိုးမြှင့်ကောက်ခံမှုကို ခေတ္တရပ်ဆိုင်းရန်သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံကြား ကုန်သွယ်ရေးပဋိပက္ခများဖြစ်ပွားလာပါက နှစ်နိုင်ငံစလုံးတွင်စီးပွားရေးကျဆင်းမှုသာမက ဘဏ္ဍာရေးဈေးကွက်ကိုလည်း ကမောက်ကမဖြစ်သွားစေနိုင်သည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် ကောက်ခံမည့် အခွန်နှုန်းထားကို ၁၄၅ ရာခိုင်နှုန်းအထိ သတ်မှတ်ထားသော်လည်း ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ တရုတ်နိုင်ငံကလည်း အမေရိကန်မှ သွင်းကုန်များအပေါ်သတ်မှတ်ထားသည့် သွင်းကုန်အခွန် ၁၂၅ ရာခိုင်နှုန်းကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည်ဟု နှစ်ဖက်စလုံးက မေလ ၁၂ ရက်တွင် ပြောထားသည်။ အဆိုပါနှစ်နိုင်ငံကြားဆောင်ရွက်ချက်အသစ်သည် ရက်ပေါင်း ၉၀ ကြာအထိ အသက်ဝင်မည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံစလုံးက ကိုယ်စီအမျိုးသားအကျိုးစီးပွားအတွက် ဆောင်ကြဉ်းနိုင်ကြောင်း၊ နှစ်နိုင်ငံကြားညီမျှမှုရှိသောကုန်သွယ်ရေးရလာပြီဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် ဖြစ်ပေါ်လာသည့် ထိုအခြေအနေအတိုင်း ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်ဘက်ကပြောထားသည်။ **Ref: RTA**



# ဆင်းဒူးစစ်ဆင်ရေး၌ အကြမ်းဖက်သမား ၁၀၀ ကျော်သေဆုံးဟုဆို

**နယူးဒေလီ၊ စစ်ရေး**

အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံ၌ရှိသော အကြမ်းဖက်သမားများကိုပစ်မှတ်ထားသည့် ဆင်းဒူးစစ်ဆင်ရေးဆောင်ရွက်မှုအတွင်း အကြမ်းဖက်သမားအယောက် ၁၀၀ ကျော်သေဆုံးပြီး ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ ကျော်ကွယ်လွန်သွားကြောင်း အိန္ဒိယစစ်ဘက်မှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆင်းဒူးစစ်ဆင်ရေးတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ရာဂျစ်ဂိုင်က အိန္ဒိယ၏တိုက်ခိုက်မှုကြောင့် ပါကစ္စတန်ရှိလေတပ်စခန်း အနည်းဆုံး ၁၁ ခု ပျက်စီးဆုံးရှုံးသွားကြောင်းနှင့် ထိုကဲ့သို့ တိုက်ခိုက်လိုက်သည့်အတွက် ပါကစ္စတန်၏ စစ်ရေးစွမ်းရည်အပေါ် များစွာထိခိုက်စေကြောင်း မေလ ၁၂ ရက်သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နိုင်ငံရှိ အကြမ်းဖက်သမားများနှင့် ၎င်းတို့၏ အခြေခံအဆောက်အအုံများအပေါ် ပစ်မှတ်ထားတိုက်ခိုက်သည့် ဆင်းဒူးစစ်ဆင်ရေးကို ပြီးခဲ့သည့်သီတင်းပတ်တွင်စတင်ခဲ့ခြင်းဖြစ်သည်။ ဆင်းဒူးစစ်ဆင်ရေးတွင် ပါကစ္စတန်၏ စစ်ရေးပစ်မှတ်များကိုပစ်မှတ်ထားခြင်းမရှိကြောင်း အိန္ဒိယအစိုးရက ထုတ်ပြန်ထားသည်။ **Ref: RT**




# PKK ပါတီက တူကီယဲနှင့် နှစ် ၄၀ ကြာလက်နက်ကိုင်ပဋိပက္ခကိုအဆုံးသတ်

**အစ္စတန်ဘူ၊ စစ်ရေး**

ကာဒစ္စတန်အလုပ်သမားပါတီ(PKK) က ပါတီကိုဖျက်သိမ်းကာ တူကီယဲအစိုးရနှင့်ဖြစ်ပွားနေသော နှစ် ၄၀ ကြာလက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်းကြေညာလိုက်သည်။

PKK ပါတီ၏လုပ်ဆောင်ချက်နှင့်ပတ်သက်၍ တူကီယဲအစိုးရကကြိုဆိုကြောင်း၊ ထိုလုပ်ဆောင်ချက်သည် အကြမ်းဖက်မှကင်းစင်သည့် တူကီယဲနိုင်ငံဖြစ်လာစေရေးကိုဦးတည်လာစေကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် ကတိကဝတ်ကိုအပြည့်အဝလိုက်နာရမည်ဖြစ်ကြောင်း တူကီယဲအစိုးရကထုတ်ပြန်ထားသည်။

PKK ပါတီအနေဖြင့် လက်နက်ချဖျက်သိမ်းမှုကို ယခုလအတွင်း လွှတ်တော်ရှေ့မှောက်၌ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မေလ ၁၂ ရက်တွင်ထုတ်ပြန်လာခြင်းဖြစ်သည်။

PKK ပါတီသည် ကာ့ဒ်(ဒ်)တိုင်းရင်းသားများအတွက် ကိုယ်ပိုင်လွတ်လပ်ခွင့်ရယူရေးရည်ရွယ်၍ ၁၉၈၄ ခုနှစ်ကတည်းက တူကီယဲအစိုးရကို ဆန့်ကျင်တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်သည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### မျူကလီးယားဓာတ်အားပေးစက်ရုံသဘောတူညီချက်ကို လက်မှတ်ထိုးရန် ရုရှားနှင့်ဗီယက်နမ်သဘောတူ

ဗီယက်နမ်နိုင်ငံ၌ ရုရှားနိုင်ငံက နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရေးအတွက် သဘောတူစာချုပ်ကို အမြန်ဆုံးလက်မှတ်ထိုးရန် ရုရှားနှင့်ဗီယက်နမ်တို့က သဘောတူလိုက်ပြီဖြစ်ကြောင်း ၎င်းတို့၏ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဖော်ပြထားသည်။

အဆင့်မြင့်နည်းပညာအသုံးပြုထားသည့် အဆိုပါဓာတ်အားပေးစက်ရုံများသည် နျူကလီးယားနှင့်ဓာတ်ရောင်ခြည်ဘေးကင်းရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာသွားမည်ဖြစ်ပြီး လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးတိုလမ်းက ရုရှားနိုင်ငံသို့ သွားရောက်ပြီးနောက် အဆိုပါနှစ်နိုင်ငံကြား ယခုကဲ့သို့ ပူးတွဲကြေညာချက်ကို မေလ ၁၁ ရက်တွင်ထုတ်ပြန်လာခြင်းဖြစ်ကြောင်း သိရသည်။ **Ref: BP**

### ဟားမတ်အဖွဲ့က အမေရိကန်နှင့်တိုက်ရိုက်ဆွေးနွေးမှုအပြီး ဓားစာခံတစ်ဦးကိုလွှတ်ပေးမည်

ဟားမတ်အဖွဲ့က အမေရိကန်အစိုးရနှင့်တိုက်ရိုက်ဆွေးနွေးမှုလုပ်ဆောင်ပြီးနောက် ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့် အမေရိကန်-အစ္စရေးနိုင်ငံသားတစ်ဦးကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်လာသည်။

ဟားမတ်အဖွဲ့နှင့်အမေရိကန်အစိုးရတို့သည် ဂါဇာဒေသ၌အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်ခြင်းဖြစ်ပြီး ထိုအပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအဖြစ် အမေရိကန်နိုင်ငံသားခံယူထားသော အစ္စရေးစစ်သည် အီဒန်အလက်ဇန်ဒါးကို ပြန်လွှတ်ပေးသွားမည်ဖြစ်ကြောင်း ဟားမတ်အဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟားမတ်အဖွဲ့နှင့်အမေရိကန်တာဝန်ရှိသူများကြား တွေ့ဆုံဆွေးနွေးမှုကို ကာတာနိုင်ငံ ဒိုဟာမြို့၌လုပ်ဆောင်ခြင်းဖြစ်ပြီး တိုးတက်မှုများရှိကြောင်း၊ တစ်ချိန်တည်းမှာပင် အစ္စရေးက ဂါဇာဒေသကိုတိုက်ခိုက်မှုများလုပ်ဆောင်ရာ မေလ ၁၁ ရက်တွင် လူ ၁၂ ဦးသေဆုံးကြောင်း သိရသည်။ **Ref: BP**

### အင်ဒိုနီးရှား၌ စွန့်ပစ်ခဲယမ်းများကိုဖျက်ဆီးစဉ် ပေါက်ကွဲမှုဖြစ်ပွား၊ လူ ၁၃ ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ တပ်မတော်သားများက သက်တမ်းလွန်စွန့်ပစ်ခဲယမ်းများကိုဖျက်ဆီးစဉ် ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၃ ဦးသေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါပေါက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင်ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူများတွင် စစ်သည်လေးဦးနှင့် အရပ်သားကိုးဦးတို့ပါဝင်ကြောင်း အင်ဒိုနီးရှားတပ်မတော်မှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဝါယုယုဒါယာနာကာ သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

မေလ ၁၂ ရက်တွင် စစ်သည်များက စွန့်ပစ်ခဲယမ်းများကို ကျင်းသုံးခုထဲထည့်ပြီးဖျက်ဆီးရန်ကြိုးပမ်းရာ တတိယကျင်း၌စနက်တံများတပ်နေစဉ် မမျှော်လင့်ဘဲ ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ အဆိုပါနေရာသည် သက်တမ်းလွန်ခဲယမ်းများကိုဖျက်ဆီးလေ့ရှိသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **Ref: Xinhua**

### နျူကလီးယားအခြေခံအဆောက်အအုံကိုဖျက်ဆီးရန် အမေရိကန်၏တောင်းဆိုမှု အီရန်ပယ်ချ

အမေရိကန်နိုင်ငံနှင့်အီရန်နိုင်ငံတို့က လုပ်ဆောင်နေသော နျူကလီးယားကိစ္စဆွေးနွေးမှုများသည် လေးနက်ပွင့်လင်းမှုရှိသော်လည်း အီရန်၏နျူကလီးယားအခြေခံအဆောက်အအုံများကိုဖျက်ဆီးရန် အမေရိကန်တောင်းဆိုမှုကို အီရန်သမ္မတကပယ်ချလိုက်ကြောင်းသိရသည်။

အမေရိကန်နှင့်အီရန်နိုင်ငံတို့ကြား နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်၍ဆွေးနွေးမှုများလုပ်နေသည်မှာ ယခုအခါ လေးကြိမ်မြောက်အထိရောက်ရှိလာပြီဖြစ်ပြီး ဆွေးနွေးရသည့်ခေါင်းစဉ်များမှာ ယေဘုယျဆန်သောခေါင်းစဉ်များမှ တိကျမှုရှိသောခေါင်းစဉ်သို့ ပြောင်းလဲဆွေးနွေးနေပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက မေလ ၁၁ ရက်တွင်ပြောသည်။

အဆိုပါဆွေးနွေးမှုများသည် ရှေ့ဆက်သွားနေသော်လည်း ရှုပ်ထွေးမှုများရှိနေဆဲဖြစ်ကြောင်း၊ သို့သော် နှစ်ဖက်စလုံးက ဆွေးနွေးမှုကိုဆက်လက်လုပ်ဆောင်ရန် သဘောတူထားကြောင်း ၎င်းကပြောထားသည်ဟုသိရသည်။ **Ref: Xinhua**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ မေလ ၁၂ ရက်တွင် ၄၂ ရက်မြောက်နေ့အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



၂၀၂၅ ခုနှစ် မေလ ၁၂ ရက်တွင် ဈေးကားရှစ်စီးဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ ဒက္ခိဏသီရိခရိုင်နှင့် မြို့နယ်စုပေါင်းရုံးများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ်(၂)ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန် ၆ ပြည်ပါ (မနောသုခ-Export Quality) ၇၅ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၀ အိတ်၊ ဆီ ၁၇၆၀ ပိဿာ၊ ဆား ၁၄ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၇၀ ထုပ်၊ ငါးပိ ၃ ပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သား ၃၀ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သား ၃၅ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၂၅ ထုပ်၊ အာပွဲ့ခြောက် ၁၀ ကျပ်သား ၃၀ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သား ၂၀ ထုပ်၊ ကြက်ဥ ၆၅၀ လုံး၊ ဘဲဥ ၁၀၀ လုံး၊ ခေါက်ဆွဲခြောက် ၁၈ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား ၃၀၀ ပိဿာ၊ ဆိတ်သား ၁၀၀ ပိဿာ၊ ကြက်သား ၂၀၀ ပိဿာ (အကောင်လိုက်အမွေးနုတ်ပြီး ၁၄၂ ကောင်)၊ ဝက်သား ၁၀၂ပိဿာတို့အား ဝဏ္ဏသိဒ္ဓိအားကစားကွင်း Gold Camp၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ နေပြည်တော်စည်ပင်ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိဝန်ထမ်းနှင့်ပြည်သူများသို့ ၂၀၂၅ ခုနှစ် မေလ ၅ ရက်မှစ၍ အပတ်စဉ်တနင်္လာနေ့တိုင်း အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့်မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့်ပြည်သူများသို့ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် ၂၀၂၅ ခုနှစ် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ ၂၀၂၅ ခုနှစ် မေလ ၁၂ ရက်တွင် စစ်ကိုင်းမြို့၌ ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၆ အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား ၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၉ ဘူး၊ ငါးပိ ၁ ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၁ ထုပ်၊ ပုစွန်ခြောက် ၃၀ ကျပ်သား၊ ကြက်ဥ ၇၀ လုံး၊ ဘဲဥ ၁၉ လုံး၊ ကြက်သွန်နီ ၅ ပိဿာနှင့် အသားတု ၁ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ(မနောသုခ) ၁၈ အိတ်၊ စားအုန်းဆီ ၂၂၀၀ ပိဿာ၊ ဆား ၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၆ ထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ ၃ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၂ ထုပ်၊ အာပွဲ့ခြောက် ၁၀ ကျပ်သား ၃ ထုပ်၊ ကြက်ဥ ၂၃၄၀ လုံး၊ ဘဲဥ ၆၃၅ လုံးနှင့် ခေါက်ဆွဲခြောက် ၃၀ ထုပ်တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ


နေပြည်တော် မေ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မေလ ၉ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ တရားမဝင်အခြားသစ် (၁ ဒသမ ၃၉၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၈၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**မေလ ၁၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် အသင်္ချာစောယွန်းအဝိုင်းအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Charm Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**မေလ ၁၂ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၆၀၉)တန်၊ သစ်မာ (သုည ဒသမ ၉၃၆)တန်၊ အခြားသစ် (၁ ဒသမ ၀၀၀)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၇၁၂၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေလ ၉ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၃၅၇၀၁၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

● **ကျောဖုံးမှအဆက်**

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုမျှတစေရန်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း သစ်တောဦးစီးဌာနက စိုက်ပျိုးထားသည့် တားမြစ်သစ်စာရင်းဝင် ထင်းရှူးပင်များအား ထိန်းသိမ်းကာကွယ်နိုင်မည့်အပြင် ယင်းစိုက်ခင်းဧရိယာအတွင်း ကျူးကျော်ဝင်ရောက်ဖျက်ဆီးမှုများအား ထိရောက်စွာတားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဧရိယာအတွင်း နေထိုင်ကျက်စားလျက်ရှိသည့် ရှဉ့်၊ တောကြက်၊ ခါနှင့် ငှက် စသည့်တိရစ္ဆာန်များအတွက် ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ကျွဲနွား ခွာနာလျှာနာရောဂါထိန်းချုပ်ရေးလုပ်ငန်းများ

ဥမ္မာ(မွေး/ကု)

**ခွာနာလျှာနာရောဂါသည် ခွာကွဲတိရစ္ဆာန်များ၌ လျင်မြန်စွာကူးစက်စေတတ်သည့် ဗိုင်းရပ်ရောဂါတစ်ခုအဖြစ် တိရစ္ဆာန်နှင့်တိရစ္ဆာန်ပစ္စည်းများ၏ ရွှေ့ပြောင်းသွားလာမှုများကြောင့် လျင်မြန်စွာပျံ့နှံ့ဖြစ်ပွားသည်။**



ခွာနာလျှာနာရောဂါဖြစ်ပွားစေသော ဗိုင်းရပ်ပိုးမျိုးကွဲ(၇)မျိုးရှိပြီး Type O, A, C, SAT 1, SAT 2, SAT 3 နှင့် Asia 1 တို့ဖြစ်ကြသည်။ မျိုးကွဲတစ်ခုနှင့်တစ်ခုအကြားတွင် ရောဂါခုခံနိုင်မှု သီးခြားစီရှိကြသည်။ မြန်မာနိုင်ငံတွင် ဗိုင်းရပ်ပိုးမျိုးကွဲ Type "O, A, Asia 1" အမျိုးအစားကိုတွေ့ရသည်။ မြန်မာနိုင်ငံသည် နိုင်ငံအတွင်း ဒေသအလိုက် ဗိုင်းရပ်များပျံ့နှံ့ဖြစ်ပွားကြောင်း (Endemic) တွေ့ရှိရသည်။

တိရစ္ဆာန်များ ရွှေ့ပြောင်းသွားလာခြင်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများသည် ခွာနာလျှာနာရောဂါပျံ့နှံ့စေခြင်း၏ အဓိကအန္တရာယ်ရှိစေသောအချက်ဖြစ်သည်။ အဆိုပါကွင်းဆက်ကို သေချာစွာ စနစ်တကျထိန်းချုပ်ခြင်းသည် ရောဂါပျံ့နှံ့မှုကွင်းဆက်ကိုထိန်းချုပ်ရာတွင် အခြေခံကျသည်။ ထို့ပြင် ဗိုင်းရပ်ပိုးကို လက်ခံထားသော တိရစ္ဆာန်များသည်လည်း ရောဂါပျံ့နှံ့စေခြင်း၏ အရေးကြီးအချက်ဖြစ်သည်။ Bos taurus နှင့် Bos indicus စသော နွားမျိုးများနှင့် ကျွဲများသည်ရောဂါလက္ခဏာမပြဘဲ ဗိုင်းရပ်သယ်ဆောင်ထားနိုင်ခြင်း၊ ဝက်များသည်လည်း ဗိုင်းရပ်သယ်ဆောင်နိုင်ခြင်း၊ သိုး၊ ဆိတ်များသည်လည်း ဗိုင်းရပ်ပျံ့နှံ့မှုကွင်းဆက်တွင် အရေးပါသောအခန်းကဏ္ဍ၌ပါဝင်နေခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ခွာကွဲတိရစ္ဆာန်မျိုးစိတ်များ၌ ဗိုင်းရပ်ပျံ့နှံ့မှုကွင်းဆက်အား စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်ရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ခွာနာလျှာနာရောဂါထိန်းချုပ်ရေးအစီအစဉ်ဖြစ်သည့် ခွာနာလျှာနာရောဂါထိန်းချုပ်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်သည့်လမ်းစဉ် (Progressive Control Pathways – PCP)တွင် ပူးပေါင်းပါဝင်လျက်ရှိသည်။ ခွာနာလျှာနာရောဂါထိန်းချုပ်ရေး စဉ်ဆက်မပြတ်ကာကွယ်ရေးလမ်းစဉ် (Progressive Control Pathways – PCP) တွင် အဆင့် (၅)ဆင့်ရှိပြီး ၎င်းတို့မှာ အဆင့် (၁) ရောဂါဖြစ်ပွားမှုအန္တရာယ်ရှိနယ်မြေများသတ်မှတ်ခြင်း၊ အဆင့် (၂) သတ်မှတ်ထားသော ဧရိယာနှင့် ကဏ္ဍများအလိုက် ရောဂါဖြစ်ပွားမှုလျှော့ချခြင်း၊ အဆင့်(၃) နိုင်ငံအတွင်း ချမှတ်ထားသော ထိန်းချုပ်ရေးမူဝါဒများအတိုင်း ဗိုင်းရပ်ပျံ့နှံ့မှုလျှော့ချခြင်း၊ အဆင့် (၄) ပုံမှန်ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါကင်းရှင်းစေခြင်း၊ အဆင့် (၅) ကာကွယ်ဆေးမသုံးဘဲ ရောဂါကင်းရှင်းစေခြင်းတို့ဖြစ်သည်။

ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် ပုံမှန်ကာကွယ်ဆေးထိုးခြင်းသည် အရေးကြီးသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ကာကွယ်ဆေးများကို ထုတ်လုပ်ရာတွင် ပြည်ပသို့တင်ပို့ရန်နှင့် ဒေသတွင်း / နိုင်ငံတွင်းအသုံးပြုရန်စသည်ဖြင့် ရည်ရွယ်ချက်များဖြင့်ထုတ်လုပ်ကြသည်။ အရှေ့တောင်အာရှ၌ဖြစ်ပွားသော ဗိုင်းရပ်မျိုးကွဲများအား အမည်သတ်မှတ်ရာတွင် (South East Asia – SEA) သင်္ကေတဖြင့် အိုအမျိုးအစားဖြစ်ပါက O/SEA ရေး၍ တွေ့ရသောနိုင်ငံနှင့် ခုနှစ်ကို ရေးသားဖော်ပြကြသည်။ ဥပမာ – မြန်မာနိုင်ငံတွင်တွေ့ရှိရသော ဗိုင်းရပ်အမျိုးအစားကိုဖော်ပြရာ၌ O/SEA/Mya–98 ဖြင့် ဖော်ပြသည်။ အရှေ့တောင်အာရှနိုင်ငံများ၌ အသုံးပြုသော ကာကွယ်ဆေးများသည် ပိုးတစ်မျိုးတည်းကာကွယ်ဆေး (Monovalent)နှင့် ပိုးမျိုးကွဲသုံးမျိုးစပ် (Trivalent) တို့ဖြစ်ကြသည်။

ပိုးမျိုးကွဲအိုအမျိုးအစား (Type O) တွင် O/3039 နှင့် O/Manisa စသောပိုးမျိုးကို အသုံးပြု၍လည်းကောင်း၊ ပိုးမျိုးကွဲအေအမျိုးအစား (Type A)တွင် A22/Iraq နှင့် A/IRN/05 စသော ပိုးမျိုးကိုအသုံးပြု၍လည်းကောင်း၊ ပိုးမျိုးကွဲအေးရှားဝမ်းအမျိုးအစား (Type Asia 1)တွင် Asia1/Shamir စသော ပိုးမျိုးကိုအသုံးပြု၍လည်းကောင်း ကာကွယ်ဆေးထုတ်လုပ်ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် နိုင်ငံတွင်းအသုံးပြုနိုင်ရန် အိုအမျိုးအစား(Type O monovalent) ကာကွယ်ဆေးကို နိုင်ငံအတွင်းဖြစ်ပွားသော ပိုးမျိုးကွဲ "Mya–98" ကိုအသုံးပြု၍ ကာကွယ်ဆေးထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ခွာနာလျှာနာရောဂါဖြစ်ပွားမှုကိုကြည့်ပါက ပိုးမျိုးကွဲ "အို" အမျိုးအစားသည် အများဆုံးတွေ့ရပြီး "အေ"အမျိုးအစားကို ငါးနှစ်လျှင်တစ်ကြိမ်ခန့်နှင့် "အေးရှားဝမ်း"အမျိုးအစားကို ၇–၁၀ နှစ်လျှင် တစ်ကြိမ်ခန့် တွေ့ရှိရသဖြင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်မည်ဆိုပါက "အို"အမျိုးအစားပိုးကွဲကို အဓိကကာကွယ်ထိန်းချုပ်ရန်လိုအပ်သည်။ ကျွဲ၊ နွားကုန်သွယ်မှုလုပ်ငန်းများကို ဦးတည်ဆောင်ရွက်ပါက မြန်မာနိုင်ငံ၌တွေ့ရသော ပိုးမျိုးကွဲများအား ကာကွယ်ထိန်းချုပ်ရန်ဆောင်ရွက်သွားရမည်။

မြန်မာနိုင်ငံသည် ခွာနာလျှာနာရောဂါထိန်းချုပ်ရေးအစီအစဉ်ဖြစ်သည့် ခွာနာလျှာနာရောဂါထိန်းချုပ်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်သည့်လမ်းစဉ် (Progressive Control Pathways – PCP) အဆင့်(၃)သို့ရောက်ရှိရန်ဆောင်ရွက်လျက်ရှိသည်။ ခွာနာလျှာနာရောဂါထိန်းချုပ်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်သည့်လမ်းစဉ်၏ အဆင့်(၃)တွင် နိုင်ငံအဆင့်ရောဂါထိန်းချုပ်ဇုန်များထူထောင်၍ နိုင်ငံအတွင်းပျံ့နှံ့ဖြစ်ပွားနေသော ဗိုင်းရပ်ပိုးအမျိုးအစားခွဲခြမ်းစစ်ဆေးရန်ဖြစ်သည်။ ထို့ကြောင့် ဒေသအလိုက် ရောဂါထိန်းချုပ်ဇုန်များ ထူထောင်လျက်ရှိရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် တစ်ခုအပါအဝင်ဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်အတွင်း ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ် ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၁ ခုနှစ် ဇွန်လတွင် ရှေ့ပြေးစီမံကိန်းအား တပ်ကုန်းမြို့နယ်မှ ကျေးရွာ ၅၂ ရွာ၌စတင်ခဲ့သည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်အား ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်တည်ထောင်နိုင်ရေးအတွက် လုပ်ငန်းစဉ်ချမှတ်ရာတွင် အခမဲ့ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများအား သင်တန်းပေးခြင်း၊ ကာကွယ်ဆေးထိုးအဖွဲ့ဖွဲ့စည်းခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စည်းရုံးရေးဆောင်ရွက်ခြင်း၊ စီမံကိန်းလုပ်ငန်းအား မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနား (Launching Ceremony) ပြုလုပ်ခြင်း၊ သတ်မှတ်ကာလအတွင်းကာကွယ်ဆေးထိုးလုပ်ငန်းများ ပြီးစီးရန်ဆောင်ရွက်ခြင်း၊ ပြန်လှန်ဆန်းစစ်သုံးသပ်ခြင်းအစရှိသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ခွာနာလျှာနာကာကွယ်ဆေးထိုးရာတွင် ကာကွယ်ဆေးအာနိသင်အပြည့်အဝရရှိစေရန် ပထမဆုံးအကြိမ်ထိုးပြီးနောက် အားဖြည့်ကာကွယ်ဆေးကို တစ်လပြည့်ပြီးနောက် ပြန်လည်ထိုးနှံရသည်။ အားဖြည့်ကာကွယ်ဆေးထိုးနှံပြီးနောက် ပုံမှန်ကာကွယ်ဆေးကို ခြောက်လတစ်ကြိမ်ပုံမှန်ဆောင်ရွက်သွားရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အား ရောဂါထိန်းချုပ်ဇုန်တည်ထောင်ရာတွင် ရည်ရွယ်ချက်များချမှတ်ဆောင်ရွက်ရသည်။ ရည်ရွယ်ချက်များမှာ (၁)ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်အား ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ်ဖော်ဆောင်နိုင်ရန်၊ (၂) ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်မှ ကျွဲ၊ နွားများကို ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါကူးစက်မှုများအား စနစ်တကျထိန်းချုပ်နိုင်ရန်၊ (၃) ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်ဖော်ဆောင်နိုင်ပြီး ရောဂါကင်းစင်သော ကျွဲ တရားဝင်ပို့ဆောင်နိုင်လာပြီး မွေးမြူတောင်သူများ ဝင်ငွေတိုးလာနိုင်စေရန် စသည်ဖြင့် စနစ်တကျချမှတ်ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ဆက်ဆံရေးနှင့် စည်းရုံးရေးဆောင်ရွက်ခြင်း (Participatory Rural Appraisal) သည် လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေသည်။ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် ဒေသခံပြည်သူများပူးပေါင်းပါဝင်ခြင်းသည် စီမံကိန်းအောင်မြင်ရန် အဓိကကျသည်။ ဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများဖြစ်သော ကာကွယ်ဆေးထိုးခြင်း၊ နားကပ်အမှတ်အသား (ID) တပ်ဆင်ခြင်းနှင့်သွေးရည်ကြည်နမူနာရယူခြင်းလုပ်ငန်းများတွင်ကျယ်စွာဆောင်ရွက်နိုင်ရန် ပြည်သူ့ဆက်ဆံရေးနှင့် စည်းရုံးရေးအစည်းအဝေးများ(Participatory Meeting)ကို လက်ကမ်းစာစောင်၊ ဗီနိုင်းများအသုံးပြု၍ ဆွေးနွေးရှင်းလင်းခြင်း၊ ကျား/မ ညီတူညီမျှတက်ရောက်နိုင်ရန်၊ အသက်အရွယ်မျိုးစုံတက်ရောက်နိုင်ရန်နှင့် လုပ်ငန်းနယ်ပယ်မျိုးစုံမှတက်ရောက်နိုင်ရန် ဒေသခံများအားစည်းရုံးဖိတ်ကြားခြင်းများကို ဆောင်ရွက်ရသည်။

ထို့ပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်တည်ထောင်နေမှုများ၊ ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးနှံနေမှုများအား ပြည်သူများသိရှိစေရန်၊ မွေးမြူတောင်သူများ လိုက်နာဆောင်ရွက်နိုင်စေရန်နှင့် အသိပညာပေးနိုင်ရန် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စကားဝိုင်းဆွေးနွေးမှုများဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel) မှရိုက်ကူးထုတ်လွှင့်ခြင်းများအား ဆောင်ရွက်ရသည်။

ထို့ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်၌ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၁ ခုနှစ် ဇွန်လ ၁၁ ရက်မှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်၌ ပထမအကြိမ်ခွာနာလျှာနာကာကွယ်ဆေးထိုးလုပ်ငန်း၊ အားဖြည့်ခွာနာလျှာနာကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းနှင့် ပုံမှန်ခွာနာလျှာနာကာကွယ်ဆေးထိုး လုပ်ငန်း (Regular Vaccination) များအား အရှိန်အဟုန်မပျက်စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၉–၁–၂၀၂၅) ရက်နေ့အထိ အခမဲ့ ခွာနာလျှာနာကာကွယ်ဆေးထိုးလုပ်ငန်းကို နဝမအကြိမ်အထိဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အမိန့်အမှတ် (၁/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်တွင် ကြေညာနိုင်ခဲ့သည်။

ကာကွယ်ဆေးထိုးရာတွင် ရရှိနိုင်သောအကျိုးအာနိသင်သည် အချက်များစွာပေါ်တွင်မူတည်နေသည်။ ကာကွယ်ဆေးထိန်းသိမ်းမှုအအေးစနစ်တကျဖြစ်ခြင်း၊ ရောဂါဖြစ်ပွားမှုနှင့်သင့်လျော်သော ဗိုင်းရပ်ပိုးအမျိုးအစားဖြစ်ခြင်း၊ ကာကွယ်ဆေးထိုးနည်းလမ်းမှန်ကန်ခြင်း၊ အကျိုးသက်ရောက်သော ကာကွယ်ဆေးထိုးနည်းဗျူဟာ ရေးဆွဲထားခြင်း၊ ရောဂါခုခံနိုင်စွမ်းရရှိစေရန် ကာကွယ်ဆေးပမာဏအပြည့်ထိုးနှံနိုင်ခြင်းဖြစ်ရမည်။ နိုင်ငံတွင်းဖြစ်ပွားသည့် ဗိုင်းရပ်၏ သဘောသဘာဝကို ပိုမိုနားလည်ပြီး အခြေခံ၍ ထုတ်လုပ်သည့် ကာကွယ်ဆေးအာနိသင်နှင့် ကာကွယ်ဆေးအား ပမာဏပြည့်ထိုးနှံခြင်းသည် အကျိုးသက်ရောက်မှုရှိသည်။

ထို့ပြင် ဇီဝလုံခြုံရေး၊ တိရစ္ဆာန်ရွှေ့ပြောင်းသွားလာခြင်းနှင့် တိရစ္ဆာန်အမှတ်အသားတပ်ဆင်ခြင်းတို့သည် ရောဂါထိန်းချုပ်မှုတိုင်းတာခြင်းများအတွက် အရေးကြီးသောကဏ္ဍဖြစ်သောကြောင့် ပြည်သူအသိပညာပေးခြင်းများကို ဆောင်ရွက်ရသည်။

သို့ဖြစ်ရာ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ်ဖော်ဆောင်ထားရှိပြီးဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်အား ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ရေရှည်တည်တံ့နိုင်စေရန်ရည်ရွယ်၍ ကျွဲ၊ နွားများ၏ ခွာနာလျှာနာရောဂါခုခံနိုင်စွမ်းအား စမ်းသပ်နိုင်ရန်

**စာမျက်နှာ ၂၆ သို့** ■

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်



နေပြည်တော်  မေ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၁၇ ကျောင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် သင်တန်းများအဖြစ် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတို့ကို မေလ ၁၂ ရက်နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ လွိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဆိုက်ခေါင် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ မြိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ ကော့သောင်းမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးသက်နိုင်တို့ကဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် ပြည်နယ်/ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကျောင်း ၁၇ ကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၆၀ ဦး၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး၊ အခြေခံလက်ရက်ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူ ၄၀ ဦး၊ သင်တန်းသူ စုစုပေါင်း ၅၁၀ ဦး အား မေလ ၁၂ ရက်မှ အောက်တိုဘာလ ၁၀ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

## MWD Variety Channel

၁၃-၅-၂၀၂၅ (အင်္ဂါနေ့)

- ၁။ ၀၉:၃၇ သိမှတ်ဖွယ်ရာ သုတကမ္ဘာ
- ၂။ ၁၀:၂၇ ကျန်းမာသောဘဝ
- ၃။ ၁၁:၂၉ ဥပဒေမှတ်စု
- ၄။ ၁၂:၄၃ စကားလက်ဆုံ
- ၅။ ၁၄:၄၅ ဖတ်ပါ မှတ်ပါ လေ့လာပါ
- ၆။ ၁၇:၅၁ Sport Icon

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၅-၂၀၂၅ (အင်္ဂါနေ့)

- ၁။ ၀၆:၀၀ တရားတော်
- ၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
- ၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
- ၅။ ၁၁:၀၀ သီချင်းလက်ဆောင်
- ၆။ ၁၂:၀၀ မျှဝေဆွေးနွေး အနာဂတ်အရေး
- ၇။ ၁၃:၀၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
- ၈။ ၁၄:၀၀ Sharing Knowledge
- ၉။ ၁၅:၀၀ အဟောင်းထဲမှ အကောင်းဆုံးသီချင်းများ
- ၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှား အားကစား
- ၁၁။ ၁၇:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂။ ၁၈:၄၀ မွေးမြူသုတ
- ၁၃။ ၁၉:၀၀ မိုးလေဝသသတင်း

# ရွှေတောင်မြို့နယ်တွင် မုဒိတာစာဖတ်ဝိုင်း (၆) နှစ်ပြည့်အထိမ်းအမှတ်နှင့် စာပေဆုပေးပွဲအခမ်းအနားကျင်းပ

ရွှေတောင်  မေ ၁၂

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း (Book Club) တို့ပူးပေါင်း၍ မုဒိတာစာဖတ်ဝိုင်း (၆) နှစ်ပြည့်အထိမ်းအမှတ်နှင့် စာပေဆုပေးပွဲအခမ်းအနားကို မေလ ၁၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်လွင်နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ယုနိုင် (အေပရယ်ယုနိုင် ( ရွှေတောင်))တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုဒိတာစာဖတ်ဝိုင်း ၆) နှစ်ပြည့်အထိမ်းအမှတ် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်ပြပွဲနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



**■ စာမျက်နှာ ၂၅ မှအဆက်**

ကာကွယ်ဆေးမထိုးခင်နှင့် ကာကွယ်ဆေးထိုးပြီးနောက် သွေးရည်ကြည်နမူနာကောက်ယူ၍ ခွာနာလျှာနာရောဂါခုခံနိုင်မှု အခြေအနေ(Antibody Titre) အား စစ်ဆေးခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရသည်။

ကာကွယ်ဆေးအာနိသင်များကို ပုံမှန်တိုင်းတာခြင်းမှ ကာကွယ်ဆေးကို စနစ်တကျပုံမှန်ထိုးနှံခြင်းသည် ရောဂါကာကွယ်မှုအပြည့်အဝပေးနိုင်ကြောင်း မှတ်တမ်းတင်နိုင်ခြင်း၊ ကာကွယ်ဆေးကိုစနစ်တကျထိုးနှံခြင်းဖြင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းနှင့် ထိုမှတစ်ဆင့် ရောဂါကင်းစင်လာပြီး ထုတ်လုပ်မှုတိုး၍ နိုင်ငံ့စီးပွားကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် တစ်နိုင်တစ်ပိုင်မွေးမြူရေးသမားများနှင့် သက်ဆိုင်သူများအားလုံးပါဝင်သော ရောဂါထိန်းချုပ်ရေးအစီအစဉ်များပြုလုပ်ခြင်းနှင့် ရပ်ရွာများ၌ စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့များဖွဲ့စည်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဇီဝလုံခြုံမှုစီမံခန့်ခွဲခြင်းကို နားလည်စေရန် အားလုံးပါဝင်သောလှုပ်ရှားမှုများ၊ ရောဂါခုခံမှုဆိုင်ရာ ပြောင်းလဲမှုများ၊ ဗဟုသုတအဆင့်အတန်းသတ်မှတ်ခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၏အယူအဆများ၊ မွေးမြူရေးခြံများအလိုက် အဆင့်အတန်းသတ်မှတ်ခြင်း၊ ပါဝင်လှုပ်ရှားသူများ၏ ခေါင်းဆောင်မှုများကို စနစ်တကျလေ့ကျင့်ဆောင်ရွက်ကြရသည်။ အဆိုပါဇီဝလုံခြုံမှုများကို တစ်နိုင်တစ်ပိုင်မွေးမြူရေးခြံများတွင် လက်တွေ့လိုက်နာကျင့်သုံးလာပါက ခွာနာလျှာနာရောဂါထိန်းချုပ်ရာတွင် လျင်မြန်သောအထောက်အကူဖြစ်စေသည်။

ခွာနာလျှာနာရောဂါထိန်းချုပ်မှုတွင် တွေ့ကြုံရသောအခက်အခဲများကိုကြည့်မည်ဆိုပါက တရားမဝင် တိရစ္ဆာန်ရွှေ့ပြောင်းသွားလာမှုများ၊ ပုံမှန်ကာကွယ်ဆေးထိုးနှံမှုမရှိခြင်း၊ ဇီဝလုံခြုံမှုအားနည်းခြင်း၊ အရေးပေါ်ရောဂါထိန်းချုပ်ရေးအဖွဲ့များဖွဲ့စည်းထားမှုမရှိခြင်း၊ ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ခွာနာလျှာနာရောဂါထိန်းချုပ်ရေးတွင် နည်းပညာအရည်အသွေးမြှင့်တင်ခြင်း၊ ဓာတ်ခွဲခန်းအရည်အသွေးများမြှင့်တင်ခြင်း၊ ကွင်းဆင်းဆောင်ရွက်သည့်စောင့်ကြည့်လေ့လာရေးစနစ်များမြှင့်တင်ခြင်း၊ ဒေသတွင်းဈေးကွက်ကွင်းဆက်များတွင် အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် နွားပွဲဈေးများတွင် တိရစ္ဆာန်ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစနစ်မြှင့်တင်ခြင်း၊ ပြည်တွင်းပြည်ပတိရစ္ဆာန်နှင့် တိရစ္ဆာန်ကုန်သွယ်မှုဈေးကွက်များတွင် ခွာနာလျှာနာရောဂါဆိုင်ရာအသိပညာပေးခြင်းများ ပိုမိုနားလည်စေရန် ဆောင်ရွက်ရသည်။

ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် တည်ထောင်ရာတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ မိမိနိုင်ငံနှင့်သင့်လျော်အောင်ဆောင်ရွက်ခြင်းသည် ရောဂါကင်းစင်သော ကျွဲ၊ နွားများနှင့် ၎င်းတို့၏တိရစ္ဆာန်ထွက်ပစ္စည်းများအား ပြည်ပသို့တင်ပို့နိုင်ခြင်း၊ နိုင်ငံအတွင်း ရောဂါကင်းစင်သော မွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းလာသည့် အကျိုးကျေးဇူးကိုရရှိနိုင်သည့်အပြင် ကျေးလက်ဒေသအဆင့်အထိ ကာကွယ်ဆေးထိုးနှံသည့် အလေ့အထများရရှိ၍ တိရစ္ဆာန်ကူးစက်ရောဂါများအား စနစ်တကျကာကွယ်ထိန်းချုပ်နိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ကျွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်းများမှ ထောက်ပံ့ပေးနိုင်မည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံအတွင်း ဒေသအလိုက် ခွာနာလျှာနာထိန်းချုပ်ဇုန်များတည်ထောင်ခြင်းဖြင့် ဒေသအလိုက် ခွာနာလျှာနာရောဂါကင်းရှင်းလာနိုင်ခြင်း၊ ဇရိယာအလိုက် ခွာနာလျှာနာထိန်းချုပ်ဇုန်များ တည်ထောင်ခြင်းဖြင့် ဇရိယာအလိုက် ခွာနာလျှာနာရောဂါကင်းရှင်းလာနိုင်ခြင်း၊ ထိုမှတစ်ဆင့်ရောဂါကင်းစင်သော မွေးမြူထုတ်လုပ်မှုများရရှိ၍ ကုန်သွယ်မှုလုပ်ငန်းများဖြစ်လာခြင်း၊ မွေးမြူရေးထုတ်ကုန်တန်ဖိုးတက်လာခြင်း၊ မွေးမြူတောင်သူများမှ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့် မွေးမြူသည့်အလေ့အထများရလာခြင်း၊ သတ်မှတ်ထားသော ဥပဒေနည်းလမ်းနှင့်အညီ ဆောင်ရွက်သည့် အသိပညာတိုးလာခြင်း၊ ကျေးလက်ဒေသအဆင့်အထိ ကာကွယ်ဆေးအသုံးပြုရမည်ကို သိရှိလာခြင်းနှင့် လူမှုစီးပွားဘဝမြင့်မား၍ နိုင်ငံ၏စီးပွားရေးတိုးတက်မှုတွင် အထောက်အကူပြုနိုင်သည်။

ခွာနာလျှာနာရောဂါထိန်းချုပ်ခြင်း အစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းနိုင်ရန် နိုင်ငံအတွင်း ဒေသအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မှုများသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ သို့ဖြစ်ပါ၍ လွယ်ကူချောမွေ့သော ကုန်သွယ်စီးဆင်းမှုများ၊ ရောဂါဖြစ်ပွားမှုအန္တရာယ်အဆင့် စီမံခန့်ခွဲခြင်းနှင့် ဇီဝလုံခြုံမှုစနစ် ထူထောင်သွားပါက အနာဂတ်တွင်ခွာနာလျှာနာရောဂါထိန်းချုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ယခုဘဏ္ဍာနှစ်စ ဧပြီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းခွဲနီးပါးတင်ပို့ထား

**ရန်ကုန်  မေ  ၁၂**

ယခုဘဏ္ဍာနှစ်စ ဧပြီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းခွဲနီးပါး တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။


ဧပြီလတွင် ဆန်နှင့်ဆန်ကွဲတင်ပို့သည့်ကုမ္ပဏီ ၄၉ ခုမှ ဆန် ၆၉၁၉၄ တန်နှင့် ဆန်ကွဲ ၇၃၅၉၄ တန် စုစုပေါင်း ၁၄၂၇၈၈ တန် တင်ပို့နိုင်ခဲ့ပြီး ဆန်ကို နိုင်ငံပေါင်း ၂၀ မှဝယ်ယူခဲ့ကာ အဓိကဝယ်လက်များဖြစ်သည့် တရုတ်နိုင်ငံမှ ၃၃၂၂၃ တန်၊ ဘူလ်ဂေးရီးယားနိုင်ငံမှ ၁၂၀၈၅ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၅၇၉၈ တန်၊ စပိန်နိုင်ငံမှ ၃၅၂၅ တန်နှင့် ပိုလန်နိုင်ငံမှ ၃၃၇၅ တန် အသီးသီးဝယ်ယူခဲ့ကြောင်း သိရသည်။

ဆန်ကွဲကို နိုင်ငံပေါင်း ၁၄ နိုင်ငံမှဝယ်ယူပြီး အဓိကဝယ်လက်များဖြစ်သည့် တရုတ်နိုင်ငံမှ ၂၈၃၅၃ တန်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန် ၂၀၀၀၀၊ ဗြိတိန်နိုင်ငံမှ တန် ၁၃၃၀၀၊ စပိန်နိုင်ငံမှ တန် ၅၀၀၀ နှင့် အင်ဒိုနီးရှားနိုင်ငံမှ တန် ၂၆၀၀ ဖြင့် အများဆုံးဝယ်ယူထားကြောင်း သိရသည်။

လတ်တလော ဆန်ဈေးကွက်အတွင်း ဆန်နှင့်ဆန်ကွဲများကို ပုံမှန်ဝယ်ယူနေကြပြီး ပြည်ပသို့ ပုံမှန်တင်ပို့လျက်ရှိကြောင်း၊ ဧပြီလအတွင်း အမျိုးအစားအလိုက်တင်ပို့မှုများမှာ ဆန်ကွဲကို ၅၂ ရာခိုင်နှုန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း၊ ဆန်ကြမ်းအုပ်စုများဖြစ်သည့် ၁၀-၅ မှတ်ဆန် ၃၉ ရာခိုင်နှုန်း၊ ၂၅ မှတ်ဆန် ၅ ရာခိုင်နှုန်းနှင့် ပေါင်းဆန်(Parboiled) ၄ ရာခိုင်နှုန်းအထိ အသီးသီးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၈၇ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၉ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ဝါဝါ




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၃၄ |
| ရှမ်း(မြောက်) | ၂၀ | ၃၂ |
| ရှမ်း(အရှေ့) | ၂၁ | ၃၁ |
| ရှမ်း(တောင်) | ၁၈ | ၃၀ |
| ချင်း | ၁၁ | ၂၈ |
| စစ်ကိုင်း(အထက်) | ၂၂ | ၃၆ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၆ |
| နေပြည်တော် | ၂၄ | ၃၆ |
| မန္တလေး | ၂၅ | ၃၇ |
| မကွေး | ၂၄ | ၃၉ |
| ရခိုင် | ၂၂ | ၃၄ |
| ပဲခူး | ၂၂ | ၃၈ |
| ရန်ကုန် | ၂၃ | ၃၅ |
| ဧရာဝတီ | ၂၃ | ၃၆ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၅ |
| မွန် | ၂၃ | ၃၃ |
| တနင်္သာရီ | ၂၃ | ၃၁ |

# ကျွန်းစုမြို့နယ်၌ (၆၇)ကြိမ်မြောက် ပျားရည်ဆွမ်းလောင်းလှူပွဲကျင်းပ

**ကျွန်းစု  မေ  ၁၂**



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာရှိ အောင်တော်မူသာသနာ့ရိပ်သာကျောင်းတိုက်၌ ၁၃၂၀ ပြည့်နှစ်မှစ၍ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)တိုင်း ပျားရည်ဆွမ်းလောင်းလှူပွဲကျင်းပရာ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်နေ့(မေလ ၁၁ ရက်)က (၆၇) ကြိမ်မြောက် ပျားရည်ဆွမ်းလောင်းလှူပွဲကျင်းပသည်။

အဆိုပါ ပျားရည်ဆွမ်းလောင်းလှူပွဲတွင် အောင်တော်မူသာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုလန္ဒောဘာသ(မဟာကမ္မဋ္ဌာနစရိယ) ဦးဆောင်၍ သံဃာတော် ၂၁၈ ပါး၊ ရှင်သာမဏေ ၂၄ ပါး၊ သီလရှင်အပါး ၄၀ နှင့် ယောဂီ ၁၅ ဦးတို့က ပျားရည်ဆွမ်းအလှူခံရန် ကြွရောက်လာကြရာ လမ်းတစ်လျှောက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့်ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ကျွန်းစုမြို့ မြို့ပေါ်ရပ်ကွက်များ၊ ကတ္တလူကျေးရွာ၊ ထိန်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အလှူရှင်များက ပျားရည်ဆွမ်းများလောင်းလှူကြသည်။

ထို့နောက် ရေစက်သွန်းချအမျှပေးဝေခြင်းအခမ်းအနားကို အဆိုပါကျောင်းတိုက်ရှိ ဇေယျာသီရိဓမ္မာရုံ၌ ကျင်းပရာ ဆရာတော် ဘဒ္ဒန္တကုလန္ဒောဘာသ (မဟာကမ္မဋ္ဌာနစရိယ)ထံမှ ပျားရည်ဆွမ်းလောင်းလှူသည့်အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် ဘဒ္ဒန္တကုလန္ဒောဘာသက ပျားရည်ဆွမ်းလောင်းလှူရခြင်းနှင့်ပတ်သက်၍ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ပျားရည်ဆွမ်းလောင်းလှူပွဲအတွက် လောင်းလှူလိုသည့် အလှူရှင်များက ကျေးရွာရှိ ဥယျာဉ်ခြံအတွင်း ပျားပုံး၊ ပျားအုံများမှရရှိသည့် ပျားရည်များကို ကြိုတင်ဝယ်ယူစုဆောင်းကြပြီး နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း သံဃာတော်များအား လောင်းလှူလျက်ရှိကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

# တာမွေမြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကဗျာရေးစပ်နည်းသင်တန်းဖွင့်

**ရန်ကုန်  မေ  ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကဗျာရေးစပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၂ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂီတစာဆို မျိုးနွယ်ဆွေ (စာရေးဆရာမောင်နေသွင်)က မိတ်ဆက်စကားပြောကြားသည်။

အဆိုပါ ကဗျာရေးစပ်နည်းသင်တန်းကို မေလ ၁၂ ရက်မှ ၁၈ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ မြန်မာစာပေ၊ မြန်မာကဗျာတည်တံ့ခိုင်မြဲတိုးတက်စေရန်၊ စကားပြေနှင့် ကဗျာများကို ဝေဖန်အကဲဖြတ်နိုင်စေရန်၊ မြန်မာစာအရေးအသား မှန်ကန်ကျွမ်းကျင်တတ်မြောက်စေရန်၊ မြန်မာဝေါဟာရများကို သိရှိနားလည်ပြီး မှန်ကန်ပိုင်နိုင်စွာ သုံးတတ်စေရန်နှင့် မြန်မာ့ဓလေ့၊ မြန်မာ့အမွေ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးထားထိန်းသိမ်းမြှင့်တင်နိုင်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကဗျာရေးစပ်နည်းသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**ဘားအံ  မေ  ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို မေလ ၁၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၄၅ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**




# သတ်မှတ်နည်းပညာနှင့်အညီ စနစ်တကျဆောင်ရွက်ရေး လုပ်ငန်းခွင်အတွင်း တာဝန်ရှိသူများက အချိန်ပြည့်ကြပ်မတ်ဆောင်ရွက်



နေပြည်တော် မေ ၁၂

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ်အသင်းနှင့် လယ်ဝေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲကို မေလ ၁၂ ရက်မှ ၁၆ ရက်အထိ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ လျှော့ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရာဇဌာနီလမ်းမကြီး၊ ရာဇသင်္ဂဟလမ်းမကြီးနှင့် တော်ဝင်ရတနာလမ်းမကြီးများပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရာဇသင်္ဂဟလမ်း သပြေကုန်းအဝိုင်းအနီး မြေထိန်းနံရံထိခိုက်ပျက်စီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ရေး၊ လမ်းခင်းရာတွင် ကျောက်များအသုံးပြုရာ၌ သတ်မှတ်နည်းပညာနှင့်အညီ စနစ်တကျဆောင်ရွက်ရေး လုပ်ငန်းခွင်အတွင်း တာဝန်ရှိသူများက အချိန်ပြည့် ကြပ်မတ်ဆောင်ရွက်ရေးနှင့် အပိုင်းလိုက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# စိုက်ပျိုးရေပေးဝေရာတွင် ရေလှည့်စနစ်ဖြင့် အလှည့်ကျပေးဝေနိုင်ရေး၊ သီးနှံအထွက်နှုန်းလျော့ကျမှုမရှိစေရေးဆောင်ရွက်

နေပြည်တော် မေ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများ စိုက်ပျိုးရေပြန်လည်ပေးဝေနေမှုအခြေအနေများနှင့် ငလျင်ဒဏ်ကြောင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုအပေါ် သီးနှံအထွက်နှုန်းများထိခိုက်မှုမရှိစေရေးအတွက် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ် လက်တံမြောင်းအဖျားပိုင်းရှိ နွေစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နွေစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးရေပေးဝေရာတွင် ရေလှည့်စနစ်ဖြင့် အလှည့်ကျပေးဝေနိုင်ရေးနှင့် သီးနှံအထွက်နှုန်းလျော့ကျမှုမရှိစေရေးအတွက် လိုအပ်သည့် သွင်းအားစုများ၊ နည်းပညာများကို တောင်သူ့စိုက်ခင်းအရောက်ကွင်းဆင်း၍ အမြဲမပြတ် အသိပညာပေးဆက်လက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်ရေသောက်တောင်သူများနှင့်တွေ့ဆုံ၍ မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် စိုက်ပျိုးရေခေတ္တပြတ်လပ်မှု ဖြစ်ပေါ်ခဲ့သော်လည်း စိုက်ပျိုးရေပြန်လည်ပေးဝေရာတွင် ဦးစွာရေဖူလုံစွာရရှိခဲ့သော ဧရိယာများအား ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေပြတ်လပ်မှုကာလကြာမြင့်ခဲ့ပြီး ရေနောက်ကျမှရရှိသော ဧရိယာများအား သီးနှံအထွက်နှုန်းလျော့ကျမှုမရှိစေရေးအတွက် ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်ရှိ ဆင်သေရေလွှဲဆည်၏ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးများမှ တစ်ဆင့် လက်တံမြောင်းခွဲများသို့ စိုက်ပျိုးရေပို့လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ







သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**

မူဆယ်မြို့နေ မောင်ပိုင်စိုးနောင်(ဘ)လာကျင် ၁၃/မဆတ(ဧည့်)ဝဂဝ၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 509726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

အေးအေးဌေး(ဘ)ဦးထွန်းရှိန် ၁၂/သဃက(နိုင်)၀၃၆၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၉၈၃၅၀၂၂

**ပျောက်ဆုံးကြောင်း**

သန်းသန်းစိန်(ဘ)ဦးတင်ညို ၅/ကနန(နိုင်)၀၅၅၂၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၆၈၀၀၂၅

**ပျောက်ဆုံးကြောင်း**

ခင်ဌေးနွယ်(ဘ)ဦးအုန်းမြင့် ၈/မမန(နိုင်)၁၆၃၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကျော်ဇေယျ(ဘ)ဦးတင်သန်း ၅/စကန(နိုင်)၂၂၀၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# အားကစားကွင်း / အားကစားရုံများသန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲတမ်းဆောင်ရွက်



နေပြည်တော် မေ ၁၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူအားကစားခန်းမကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်တောင်ငူအားကစားခန်းမ မီးရရှိစေရေး အမြန်ဆုံးဆောင်ရွက်သွားရန်၊ အားကစားခန်းမအတွင်း နွေရာသီသင်တန်းများ၊ အထိမ်းအမှတ်အားကစားပြိုင်ပွဲများ အဆက်မပြတ်ကျင်းပနိုင်ရေးဆောင်ရွက်သွားရန်၊ ရုံးဘေးရှိ Outdoor Fitness အားအသစ်လဲလှယ်နိုင်ရေး တင်ပြတောင်းခံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ငူခရိုင်နှင့် တောင်ငူမြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ မိမိတာဝန်ကျသည့်ဒေသတွင် အားကစားဖွံ့ဖြိုးတိုးတက်ရန်အတွက် စိတ်ပါဝင်စားပြီး ပျော်ရွှင်ရန်လိုကြောင်း၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့်လူငယ်ကဏ္ဍတွင်လည်း အရေးကြီးသည့်အတွက် ပါဝင်ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ရောက်ရှိကာ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒိုက်ဦးမြို့နယ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တိုင်းရုံးနှင့် ခရိုင်/မြို့နယ်များမှ အရာထမ်း/ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဌာနလုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားပြီး သနပ်ပင်မြို့နယ်ရှိ အားကစားကွင်း/အားကစားရုံများ၊ ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်ရှိ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေး၍ အားကစားကွင်း/အားကစားရုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲတမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ


---

## ဒီပဲယင်းမြို့နယ်၊ အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်သေဆုံးခဲ့ရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ၊ ဆရာမ ၂ ဦး အပါအဝင် ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးဝန်းကျင်ခန့် ထိခိုက်သေဆုံးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့်နေရာများအား ဗုံးကြဲတိုက်ခိုက်မှုများမရှိကြောင်း သိရှိရသည်။




နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်ကျောင်းသားလူငယ်များ ပညာရည်မြင့်မားစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်မှာ ပြည်သူများအသိပင်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်၊ ကျေးရွာများအား လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အပြစ်မဲ့အရပ်သားပြည်သူများအား ပြန်ပေးဆွဲဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့၏လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

## မိုးညှင်း၊ မရမ်းကုန်းနှင့်မြောက်ဥက္ကလာပ မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် မေ ၁၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့နယ်၊ ပင်လုံကျေးရွာအုပ်စု၊ နန့်စီးအောင်ကျေးရွာအနီးတွင် ဟိန်းမျိုးမင်း(ခ)ကိုမျိုးမောင်းနှင်ပြီး အာကာလိုက်ပါလာသည့် SUPER CUSTOM အမျိုးအစား မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁၃ ဒသမ ၅၆၃ ကီလို (တစ်ကီလိုလျှင် ငွေ ၂၅၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၃၉၀ ဒသမ ၇၅ သိန်း)နှင့် စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၂၄ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၄၈၈ သိန်း)တို့ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီခွဲတွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်တွင် သန်းဆွေ(ခ)အညာသားမောင်းနှင်ပြီး ချစ်ကိုကိုအောင်(ခ)ချစ်ကိုနှင့် ဟန်ကိုနိုင်တို့လိုက်ပါလာသည့် PROBOX မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀၀ (တစ်ပြားလျှင် ငွေ ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၄၀၀) တို့ကိုလည်းကောင်း။

မေလ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်ရှိကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မသဲဖြူ(ခ)သူသူနှင့် အောင်ကိုဟိန်း(ခ)AK တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေ ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Phyu 786 hnin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ(အရှေ့)ရပ်ကွက်နေ ဖြူဖြူနှင်းအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၄/မမ/CME (MIT) ၂၅.၂၆ | လေအိတ်ဘိုဂီ လူစီးတွဲအထက်တန်းထိုင်ခုံ(12)Sets ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၆-၅-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၂-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သောဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါရောင်းချမည့်ရက် | - | ၁၃-၅-၂၀၂၅/နံနက် ၁၀:၀၀ နာရီ |
| တင်ဒါပိတ်မည့်ရက် | - | ၂၇-၅-၂၀၂၅/နေ့လယ် ၁၅:၀၀နာရီ |
| တင်ဒါရောင်းချမည့်နေရာ | - | အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၉၂၅**

RIKEN (YANGON) INSPECTION COMPANY LIMITED
Registration No. 140228567
Myanmar Companies Law Section(345);
Pursuant to Section 151(a) of the Myanmar Incoration Law and Rule 9(a) of the Myanmar Incorporation Law,
declaring the company to be liquidated at the will of the participants.

1. The Directors of RIKEN (YANGON) INSPECTION COMPANY LIMITED has resolved under written resolution dated 13th May, 2025 to approve the liquidation of the company by way of a member voluntary winding-up under the insolvency law 2020.
2. The Directors have further resloved to officially appoint U Kyawt Mg B.A, C.P.A., R.A.,I.C.M.A., Part II (London)No.3, 105 Street, Mingalar Taung Nyunt Township, Yangon Region as the Liquidator of the company.
3. Therefore, any person claiming to be acreditor of the said company is required to submit relevant evidence of such claim(s) to the liquidator at the appointor at the above address within one month from the date of this notification.

| | |
|---|---|
| **KYAWT MG** | **FAN SUAN** |
| **B.A, C.P.A., R.A.,I. C.M.A.,** | **MANAGING DIRECTOR** |
| **Part II (London)** | **RIKEN (YANGON) INSPECTION** |
| **Certified Public Accountant & Auditor** | **CO.,LTD** |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ မန္တလေး(၆)မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် သံလုံးသံချောင်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ | - | (၉-၅-၂၀၂၅)မှ(၂၂-၅-၂၀၂၅)ထိ |
| (ခ) | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် | - | (၂၂-၅-၂၀၂၅)ရက် (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - | (၂၆-၅-၂၀၂၅)ရက်၊(ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - | အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ |
| (င) | တင်ဒါလျှောက်လွှာ တစ်စုံဈေးနှုန်း | - | ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၀၁၂၄၇၊ ၀၉-၇၉၈၅၄၄၉၁၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

မဆုံကျောင်း(ဘ)ဦးဆုံစီး ၁၃/ကခန(နိုင်) ၁၄၇၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 055538)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

လင်းလင်း(ဘ)ဦးရွှေမြင့် ၁၂/ကမန(နိုင်) ၀၈၅၀၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကြည်ထွန်း(ဘ)ဦးကြီး ၉/တသန(နိုင်) ၀၆၂၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နော်ပန်းသစ္စာမောင်(ဘ)ဦးစောသခူး ၁၂/ဒလန(နိုင်)၀၉၇၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အုန်းခင်(ဘ)ဦးထွန်းရှိန် ၁၂/အစန(နိုင်) ၁၂၀၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

မောင်မောင်(ဘ)ဦးအောင်သိန်း ၈/ခမန(နိုင်) ၂၃၄၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၆၆၆၁၈၉

**ပျောက်ဆုံးကြောင်း**

နန်းမွေဖော်(ဘ)ဦးစိုင်းမောင် ၁၃/ကဟန(နိုင်)၀၃၈၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ချမ်းမြေ့အောင်(ဘ)ဦးလှထွေး ၁၂/ဥကမ(နိုင်) ၂၅၉၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

စုနန္ဒာအေး(ဘ)ဦးနိုင်ဝင်း ၇/ရတရ(နိုင်) ၁၉၉၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ရဲရင့်ဦး(ဘ)ဦးတင်ဦး ၁၂/သခန(နိုင်)၁၀၀၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 009959)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ကျော်စွာ(ဘ)ဦးတင်လှ ၁၂/မရက(နိုင်) ၁၃၁၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ရွှန်းလဲ့ခိုင်(ဘ)ဦးသိန်းမျိုးနိုင် ၁၂/ပဇတ(နိုင်) ၀၃၄၅၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

ဥမ္မာဆွေ(ဘ)ဦးဝင်း ၁၂/ကတန(နိုင်) ၀၉၀၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 441766)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

ဇော်ဇော်အောင်(ဘ)ဦးညွန့် ၉/ပမန(နိုင်) ၂၄၄၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၁၆၄၈၄

**ပျောက်ဆုံးကြောင်း**

ဓာနည်ထွန်း(ဘ)ဦးဝင်းထွန်း ၁၂/ဒဂန(နိုင်) ၀၃၆၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 297238)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၈၃၉၂၅၀

**ပျောက်ဆုံးကြောင်း**

နန်းဆိုင်နွမ်(ဘ)ဦးကျော်သိန်း ၁/မစန(နိုင်) ၀၅၉၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 448563)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၉၂၀၉၇၉၇

**ပျောက်ဆုံးကြောင်း**

မမေသူ(ဘ)ဦးမန်းစိန် ၉/ခမစ(နိုင်) ၀၅၉၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဦးရဲထွန်း(ဘ)ဦးသန်း ၁၂/လမတ(နိုင်) ၀၁၂၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၅၀၀၅၅၁

**ပျောက်ဆုံးကြောင်း**

ကိုသီဟစိုး(ဘ)ဦးတင်စိုး ၉/ပဘန(နိုင်) ၁၆၃၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၂၈၀၇၆၃

**ပျောက်ဆုံးကြောင်း**

ဦးဌေးလွင်(ဘ)ဦးလွင်ကြီး ၁၂/သဃက(နိုင်) ၀၈၃၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၇၄၇၈၃၆၆

**ပျောက်ဆုံးကြောင်း**

ထွေးထွေးဝင်း(ဘ)ဦးတင်အောင် ၁၂/လမန(နိုင်)၀၀၀၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၈၇၄၈၈၀

**ပျောက်ဆုံးကြောင်း**

ဦးတင်လတ်(ဘ)ဦးတင်မြင့် ၁၂/ဥကတ(နိုင်) ၀၄၀၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၂၅၉၈၀၂

**ပျောက်ဆုံးကြောင်း**

ကျော်ဝင်းကျော်(ဘ)ဦးဘညွန့် ၁၂/ဥကမ(နိုင်)၁၂၅၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၀၁၃၃၀၉

**ပျောက်ဆုံးကြောင်း**

မနော်ဝင်းဝေ(ဘ)ဦးထွန်းအောင် ၈/မဘန(နိုင်)၁၅၇၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၅၇၅၂၀၀

**ပျောက်ဆုံးကြောင်း**

နန်းအိအိထွေး(ဘ)ဦးရှုရင် ၁၂/ဒဂန(နိုင်) ၀၂၉၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၃၆၅၄၀၂၅

**ပျောက်ဆုံးကြောင်း**

မောင်ရင်အောင်(ဘ)ဦးရဲမောင်၉/ရမသ(နိုင်) ၁၇၉၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 461232)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

အောင်အောင်ဦး(ဘ)ဦးဇော်မင်းနိုင်၇/သဝတ(နိုင်)၁၅၆၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၅၇၈၂၃၆

**ပျောက်ဆုံးကြောင်း**

ရန်ဆုံးတာ(ဘ)ဦးရန်ရှိဘို ၁/မညန(နိုင်) ၀၇၃၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၃၂၅၇၇၃

**ပျောက်ဆုံးကြောင်း**

ကျော်ကျော်(ဘ)ဦးယဉ်မောင် ၅/စကန(နိုင်) ၀၄၆၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၄၀၁၁၈၉၃

**ပျောက်ဆုံးကြောင်း**

ရှိုင်းဝီလျံကျော်(ဘ)ဦးကျော်ဆိုင် ၁၄/ပတန(နိုင်)၁၇၄၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၂၁၃၈၉၀

**ပျောက်ဆုံးကြောင်း**

ဝင်းစိုး(ဘ)ဦးအုံးသောင် ၉/ရမသ(နိုင်) ၁၇၉၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 461496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**မတည်ငွေရင်းလျှော့ချရန် ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း**

Good Father Co., Ltd. (Reg No. 100778106)၏ (၁၂-၅-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၃,၀၀၀)မှ ကျပ်သိန်း(၆၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Good Father Co.,Ltd.**

**မတည်ငွေရင်းလျှော့ချရန် ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း**

E-Bridge Co., Ltd. (Reg No. 100777746)၏ (၁၂-၅-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၃,၀၀၀)မှ ကျပ်သိန်း(၆၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**E-Bridge Co.,Ltd.**

**မတည်ငွေရင်းလျှော့ချရန် ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း**

Jing Dong Diesel Engine Co., Ltd. (Reg No. 101643107)၏ (၁၂-၅-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၃,၀၀၀)မှကျပ်သိန်း(၆၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Jing Dong Diesel Engine Co.,Ltd.**

**မတည်ငွေရင်းလျှော့ချရန် ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း**

Jiang Dong Co., Ltd. (Reg No. 101994848)၏ (၁၂-၅-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၃,၀၀၀)မှ ကျပ်သိန်း(၆၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Jiang Dong Co.,Ltd.**

**မတည်ငွေရင်းလျှော့ချရန် ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း**

Jian Dong Co., Ltd. (Reg No. 101644774)၏ (၁၂-၅-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၃,၀၀၀)မှ ကျပ်သိန်း(၆၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Jian Dong Co.,Ltd.**

**မတည်ငွေရင်းလျှော့ချရန် ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း**

Kawar Co., Ltd. (Reg No. 101679535)၏ (၁၂-၅-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၃,၀၀၀)မှ ကျပ်သိန်း(၆၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Kawar Co.,Ltd.**

**ပျောက်ဆုံးကြောင်း**

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ ဒေါ်ဆောင်ထန့်(ဘ)ဦးချန်းဆောင် ၁/မကန(နိုင်)၁၈၂၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 282903)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၂၂၂၆၄၀၆

**ပျောက်ဆုံးကြောင်း**

ဖားကန့်မြို့နေ ဒေါ်ခမ်းဆု(ဘ) ဦးဦးမွန်းဆိုင် ၁၃/ကမန(နိုင်)၀၅၈၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 913760)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၀၂၄၅၄၃

**ပျောက်ဆုံးကြောင်း**

ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ အမှတ်(၆၀)နေ မောင်နေတိုးလင်း(ဘ)ဦးအောင်လင်း ၁၂/ဒဂန(နိုင်)၀၂၃၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နေ စုလှိုင်ဌေး(ဘ)တင်မျိုးဝင်း ၈/မလန(နိုင်) ၁၃၂၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နေ သက်ကိုကို(ဘ)ဦးဌေးဝင်း၇/လပတ(နိုင်)၁၆၃၅၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

တပ်ကုန်းမြို့၊ ညောင်ငါးပင်ရွာနေ ကိုသက်နိုင်ထွန်း(ဘ)ဦးရွှေညို ၉/တကန(နိုင်)၁၄၅၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 655238)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၆၄၅၂၈၈၁


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အမှတ်(၃) သံမဏိစက်ရုံ (ရွှာမ)
အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့
နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်
HRB-500 အမျိုးအစား
Deformed Bar များကို
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဒညီပန်းအဝိုင်းအနီး၊ ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ **"ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံ နယ်ပယ်(၂)ခုလုံးတွင်ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်. . .**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်(၂)ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။


## မိုးကြီးမည့်သတိပေးချက်

# ယနေ့ညနေမှ မေလ ၂၀ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၂**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေလ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ **စာမျက်နှာ ၁၂ ကော်လံ ၁** ○

၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သရုပ်ဖော်ပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## မိုးညှင်း၊ မရမ်းကုန်းနှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာ - ၂၉ သို့



## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ - ၂၄ သို့

# နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ်


**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၂၅ ဧက ရှိသောနယ်မြေကို "နမ့်ပွန်းကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ကဆုန်လဆန်း(၄)ရက် (၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တည်ထောင်ထားရှိသည့် စီးပွားရေး(ထင်းရှူး)စိုက်ခင်းဟောင်းများနှင့် ယင်းစိုက်ခင်းများအနီးတစ်ဆက်တစ်စပ်တည်းရှိသည့် ဧရိယာများအား ထိန်းသိမ်းကာကွယ်ရန်၊ **စာမျက်နှာ ၂၄ ကော်လံ ၁** ●




**MYAWADDY TRADING LIMITED**





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257